# ရေးလာတဲ့ပေးစာ

## ဝှက်းခေါ်အယ်ဒီတာခင်ဗျား ...

နအဖ စစ်အစိုးရ လက်အောက်ခံ ဒေသတွင်း အာဏာပိုင်တွေက ကျနော်တို့ရဲ့ရိုးသားတဲ့ကျိုင်းတုံမြို့သားရွာသားတွေကို နည်းအမျိုးမျိုးနဲ့ အဓမ္မလုပ်အားခိုင်းစေဖို့အတွက် ဘာသာရေးအသုံးအနှုန်းတွေသုံးပြီးကြံဖန်ခိုင်းစေနေပါတယ် ခင်ဗျား။

အခုလည်းဘဲလုပ်အားဒါနပြုရန်ဆိုပြီး သစ်တပင်တောင်(လွယ်ထတ်ဖွမ်မွန်း)တက်လမ်းက လမ်းဘေးဝဲယာတစ်လျှောက် လုပ်အားပေးခိုင်းတဲ့စာ မူရင်းကိုကျနော်ပို့ပေးလိုက်ပါတယ်။ ကြည့်ပါဦးဗျာ သုံးတဲ့အသုံးနှုန်းက လုပ်အားဒါနတဲ့။

ဆီဈေးအဆမတန်တက်လို့ ပြည်သူဘက်ကရပ်တည်ပြီး လမ်းလျှောက်မေတ္တာပို့သ ဆန္ဒပြတဲ့ရဟန်းသံဃာတွေကို ဓါတ်တိုင်မှာ တုတ်နှောင်ပြီးရိုက်နှက်တဲ့ပခုက္ကူသံဃာကိစ္စ၊ ဖမ်းထားတဲ့ သံဃာတွေကိုလွှတ်မပေးရင်တနိုင်ငံလုံးဆိုင်ရာသံဃ သမဂ္ဂီတပ်ဦးက မိစ္ဆာဒိဋ္ဌိလူ့ဘီလူး ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို ဗုဒ္ဓဘာသာကနေ ထုတ်ပယ်ကြေငြာလိုက်မယ်တဲ့။

ဘုရားသားဖြစ်တဲ့ သံဃာတော်တွေကို သွေးထွက်သံယိုဖြစ်အောင်ကျူးလွန်တဲ့သူတိုင်းအပါယ်ငရဲကျမယ်ဆိုတာစစ်အာဏာပိုင်များ သိသိကြီးနဲ့လုပ်တာပါဘဲ။ ဒီစစ်အာဏာပိုင်တွေ ပါးစပ်က ဘုရားဘုရား လက်က ကားယားကားယားလုပ်နေသရွေ့တော့ ဗုဒ္ဓဘာသာလည်း သူတို့ရဲ့ နိုင်ငံရေးခုတုံး ဖြစ်နေဦးမယ်ဆိုတာ ကျနော်တို့ ပြည်သူတွေကို သတိပေးနှိုးဆော်ချင်ပါတယ်။

ဗုဒ္ဓဘာသာ အလွဲသုံးစားလုပ်၊ စစ်အာဏာနဲ့ အုပ်ချုပ်တဲ့ ကျနော်တို့တိုင်းပြည်မှာ မီဒီယာလွတ်လပ်ခွင့် မရှိတဲ့အတွက်ကြောင့်၊ ပြည်တွင်းပြည်ပ ပြည်သူတွေသိရှိအောင် ဒီစာကိုဖေါ် ပြပေးပါရန် မေတ္တာရပ်ခံ ပါတယ်ခင်ဗျား။

ခေမာရဋ္ဌသား –စိုင်းဆာမ်


ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ
အမှတ် (၁) ရပ်ကွက်၊ ကျိုင်းတုံ မြို့
စာအမှတ်၊ ၅ / ၁၇–၁၂၁ / ဦး
ရက်စွဲ၊ ၂၀၀၇ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်

(နယ်မြေမှူး)
ရပ်

စိုင်း တမ်
ဥက္ကဌ
အမှတ်(၁)ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
ကျိုင်း တုံ မြို့

## အယ်ဒီတာခင်ဗျား ...

စီးပွားရေးလုပ်ရခက်လွန်းလို့ ကြံရာမရဖြစ်နေတာနဲ့ **Independence** စာစောင်ဆီရင်ဖွင့်ရေးပို့လိုက်ရပါတယ်။ ဗမာပြည်မှာ စီးပွားရေးတခု (ဉပမာ–ကျောက်ကွက်၊ သတ္တုတူး၊ ကားသွင်း၊ သစ်ခုတ်) လုပ်မယ်ဆိုရင် ပါမစ် **permit** တစ်ခုရဖို့ ရပ်ကွက်(သို့)ကျေးရွာဥက္ကဌကို ၃–၅ သောင်း၊ မြို့နယ် ဥက္ကဌကို ၅–၇ သောင်း၊ ဗျူဟာမှူးဆိုရင် ၃–၄ သိန်း၊ စစ်တိုင်းရုံး ၁၀–၁၅ သိန်း၊ ဆိုင်ရာဝန်ကြီးကို ၂၀–၃၀ သိန်း၊ ဒါ့အပြင် ဝန်ကြီးရုံးက ရုံးအုပ်၊ ညွှန်ချုပ်၊ ဝန်ကြီး **PA** စသဖြင့် အဆင့်ဆင့်ပေးရကမ်းရခွံ့ရကျွေးရပါတယ်။ တရားဝင် တကယ့်ကုန်ကျရမှာက ၁၅ သိန်းသာဖြစ်ပေမဲ့ အခုဟာက သိန်း ၇၀–၈၀ ဆိုအနည်းဆုံးပါပဲ။

ဆိုင်ရာပုဂ္ဂိုလ်တွေနဲ့ အကျွမ်းတဝင်ရင်းနှီးလာပြီဆိုရင် အဲလောက်ငွေပမာဏအများကြီး မကုန်ရတော့ပါဘူး။ ဒါပေမဲ့လည်း လက်ဆောင်အဖြစ် တန်ဖိုးကြီးပစ္စည်းတွေဝယ်ပေးရတယ်ဗျ။ ဂေါက်တံ တစ်ချောင်း(အနည်းဆုံးတန်ဖိုး ၄–၅ သိန်း)ပေးရတယ်။ ကျနော်ဆိုရင် သတ္တုတွင်းဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်နဲ့ မွန်ပြည်နယ် ကြံ့/ဖွံ့ ဥက္ကဌကို လက်ဆောင်ပေးခဲ့ဘူးပါတယ်။ သူတို့ အမြဲမှာ လေ့ရှိတာကတော့ ဂေါက်ရိုက်ဖို့ ဦးထုပ်(အကောင်းစား)တို့ သားရေဖိနပ်ကောင်းကောင်းတို့ဝယ် ခိုင်းတယ်။ ရောင်းတဲ့ဆိုင်အတိအကျတောင်ပြောလိုက်သေးတယ်ဗျာ။

အထူးသဖြင့်တော့ လာဘ်ပေးရန်မလို ရုံပုံငွေတော့လိုတယ်တဲ့ဗျာ။ ဆီဈေးကလည်း အဆမတန် ခုန်တက်တော့ ဒီတခေါက်သွားရင် ဌာနဆိုင်ရာ လူကြီးအတွက်လက်ဆောင်တို့ လှူ့ဒါန်းရည်ဖိုးတို့လည်း လိုက်ခုန်တက်ဖို့ မြေကြီးလက်ခတ်မလွဲပေ့ါဗျာ။

ဗမာပြည်မှာကျက်စားတဲ့ တောင်ပေါ်သား

### NLD မွေးနေ့ဗမာပြည်သံဃာနှင့် ပြည်သူများ၏တိုက်ပွဲမြင်ကွင်း

◆ “မီးသတ်ကားတွေက ရေတွေမဟုတ်၊ ပိုးသတ်ဆေးတွေ ထည့်ထားတာ၊ ထိရင်မျက်လုံးတွေ ညာတွေဖွင့်မရ၊ ပက်တဲ့ သူတွေ ပိုးသတ်ဆေးကာလိမ္မော်ရောင်တွေ ဝတ်ထားကြတာ။”

◆ “စစ်တပ်နဲ့လုံထိန်းတစ်ချို့ဟာ ပစ်ဆိုရင် မောင်းကွေးဖို့ဘဲ တတ်တဲ့ အရိုင်းအစိုင်း အသိဉာဏ်မဲ့တွေ။ ယုတ်မာတဲ့ သူ တစ်ချို့က ခိုင်းစေနေ။ သံဃာတွေ အာဇာနည်တွေ အသေခံပြီးရှေ့ကထွက်။”

၂၇၊၀၉၊၂၀၀၇ ပြည်တွင်း **Blogger** များမှ

## သို့

# ပြည်ပမီဒီယာများခင်ဗျား–

တိုင်းရင်းသားတွေသတိရှိပါတယ်။ ပါလည်းပါခဲ့ကြပါတယ်။ အရင် စက်တင်ဘာ ၂၂ ရက်တုန်းကစပြီး တိုင်းရင်းသားခေါင်းဆောင်တွေ တစ်ကိုယ်တည်း လိုက်ပါတာမျိုးရှိပါတယ်။ မီဒီယာတွေက မဖေါ်ပြတာနဲ့ တိုင်းရင်းသားတွေမပါဘူးတဲ့။ စက်တင်ဘာလ ၂၄ ရက် နေ့မှာ ကျနော်တို့တိုင်းရင်းသားတွေစုစည်းခဲ့ပါတယ်။ မြို့တော်ခမ်းမရှေ့ကနေ ပိုစတာစာတမ်းတွေနဲ့အသင့်စောင့်နေကြပါတယ်။ နိုင်ငံရေး အကျဉ်းသားများလွတ်ပေးရေး၊ တွေ့ဆုံဆွေးနွေးရေး၊ ပြည်သူများစား ဝတ်နေမှုပြေလည်စေရေးအစရှိတဲ့ တိုက်တွန်းချက် ၃ ချက် စာတမ်း ကြီးတွေနဲ့ပါဝင်ခဲ့ကြပါတယ်။ ဦးအေးသာအောင် ဦးထောင်ခိုထန်၊ ဖိုမီးအဖွဲ့အစရှိတဲ့ UNA ညီညွတ်သောတိုင်းရင်းသားမဟာမိတ်အဖွဲ့။ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် (UNLD) ခေါင်းဆောင်တွေပါဝင်ကြတယ်။ အဲဒီပုံအချို့ကိုမီဒီယာပေါ်တင်ပေးပါ။ မိုးရွာထဲမှာပါ။ အချိန်ကညနေ ၃ နာရီ (၂၄) ရက်နေ့ မြို့တော်ခမ်းမရှေ့ မိုးရွာထဲမှာလက်ချင်းယှက်ပြီး ဘုန်းတော်ကြီးတွေကို လိုက်လံဝန်း ရံပေးနေတာပါ။

ဒီနေ့လည်းစုစည်းပါဝင်ကြအုံးမှာပါ။ ကျနော်တို့ဟာတိုင်းရင်းသားများစုစည်းရေးကို ကြိုးစားကြတာပါ။ ပြန့်ကြဲနေတဲ့ အင်အားတွေ စုစည်းလိုက်ရင် အင်အားကြီးဖြစ်သွားပါတယ်။ တတ်နိုင်တဲ့ဘက်က ပါဝင်ကူညီကြပါ။

တိုင်းရင်းသားတွေဘက်က ရွှေတိဂုံမှာ ဘုန်းကြီးသံဃာတွေကို ဆွမ်းကပ်ခဲ့ပါတယ်။ အနုပညာရှင်တွေ တောင်လုပ်ကြသေးတာဘဲ။ နိုင်ငံရေးသမားတွေပိုပြီးလုပ်ပြရမယ်လို့ ခေါင်းဆောင်တွေက ဆုံးဖြတ်ကြတယ်။

အရေးကြီးချိန်မှာ ပြည်ပကလဲ တတ်အားသရွေ့ကူညီကြပါ။

လေးစားစွာဖြင့်
**စိုင်းမင်းလွင်** (၂၅/၀၉/၀၇)
တိုင်းရင်းသားလူငယ်များပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (EYNG)







မေတ္တာရပ်ခံချက်

# အားလုံးသောလက်နက်ကိုင်တော်လှန်ရေးအင်အားစုများခင်ဗျား

ရဲဘော်တို့ဟာ အမှန်တရားကိုမြတ်နိုးသည့်အတွက် ဘဝတွေကို စတေးပြီး တော်လှန်ရေးဆင်နွှဲနေသည်ကို ကျနော်တို့အနေနဲ့ လေးစားဂုဏ်ယူပါတယ်။ ယခုအခါ ပြည်တွင်းမှာ ဖြစ်ပျက်နေတဲ့အခြေအနေတွေကို ရဲဘော်တို့အနေနဲ့ ကြားမြင်သိရှိပြီးဖြစ်ပါလိမ့်မယ်။ ပြည်တွင်းရှိ သံဃာတော်များနဲ့ ပြည်သူများဟာ သူတို့မြတ်နိုးတဲ့ ငြိမ်းချမ်းရေးအတွက် အသက်တွေ စတေးနေကြပါပြီ။

ရဲဘော်တို့အနေနဲ့ ယခုချိန် ၂၇/၀၉/၂၀၀၇ ထိ လှုပ်ရှားမှုမရှိပဲဖြစ်နေသည်ကို ကျနော်တို့ဝမ်းနည်းဖွယ်တွေ့နေရပါတယ်။ အချို့ကတော့ ပြောနိုင်ပါတယ်။ "ငါတို့ကြေငြာချက်တွေ ထုတ်ထားတယ်" လို့။ အမှန်ပြောရရင် ယခုအချိန်ဟာ သဘောထားကြေငြာချက် ထုတ်နေရမဲ့အချိန်မဟုတ်တော့ပါဘူး။ အလုပ်နဲ့သက်သေပြရမဲ့ အချိန်ကောင်းကြီးဖြစ်ပါတယ်။ အရှင်းဆုံးပြောရရင် လက်နက်ဆွဲပြီးချီတက်ရမဲ့အချိန်ဖြစ်ပါတယ်။ ဒီအခွင့်အရေး၊ ဒီအခြေအနေရောက်အောင် ကျနော်တို့နှစ်ပေါင်း ၂၀ နီးပါး စောင့်ဆိုင်းခဲ့ရတာပါ။

ပြည်တွင်းမှာရှိကြတဲ့ ကျနော်တို့ရဲ့ကိုးကွယ်ရာ ဆရာတော် သံဃာတော်တွေအနေနဲ့ တာဝန်ကျေရုံတင်မကပါဘူး။ ပိုတောင်နေပါပြီ။ ထို့အတူပဲ ပြည်သူတွေ (အလွှာစုံ) ဟာလဲပဲ တာဝန်ကျေပါတယ်။ ဒါတွေဟာသမိုင်းတင်ပြီးဖြစ်သွားပါပြီ။ အခုတော့ ပွဲသိမ်းအောင်ပွဲအတွက် ရဲဘော်တို့ရဲ့ အင်အားပဲကျန်ပါတော့တယ်။ ရဲဘော်တို့အနေနဲ့ ဒီတာဝန်ကို အခုတရက် နှစ်ရက်အတွင်း အကောင်အထည်ဖေါ်နိုင်ရင်တော့ ကျနော်တို့တိုင်းပြည်ရဲ့အနာဂတ်ဟာ လှပသွားမှာ မလွဲပါဘူး။ ရဲဘော်တို့ရဲ့စွမ်းရည်ကိုလဲ သမိုင်းတင်သွားမယ်ဆိုတာ ရဲဘော်တို့သိနားလည်ပြီးဆိုတာယုံကြည်ပါတယ်။

ရဲဘော်တို့ရဲ့အင်အားကို ပြည်သူတွေ လိုအပ်နေပါပြီ။ ညီညွတ်စွာနဲ့အမြန်ဆုံးအကောင်အထည်ဖေါ်ဆောင်ကြပါလို့ အနူးအညွတ် မေတ္တာရပ်ခံ ပန်ကြားအပ်ပါတယ်။ ရဲဘော်တို့ရဲ့ စည်းလုံးမှု စွမ်းရည်နဲ့သတ္တိတွေကို ဖေါ်ပြကြပါ။ သဘောထားကွဲလွဲမှုတွေ ရှောင်ရှားကြပါ။ ကျနော်တို့ရဲ့ ပြည်သူတွေကိုကယ်တင်ကြပါ။ အပြောနဲ့မဟုတ်ပဲ အလုပ်နဲ့သက်သေပြကြပါလို့ မေတ္တာရပ်ခံအပ်ပါတယ်။

ဒီအခွင့်အရေး လက်လွတ်ဆုံးရှုံးသွားမယ်ဆိုရင် ရဲဘော်တို့နဲ့တကွ ကျနော်တို့ ပြည်သူတွေဟာဖက်ဆစ်အာဏာရှင်တွေရဲ့အောက်မှာ နှစ်ပေါင်းဘယ်လောက်ကြာအောင် နေကြရဦးမယ်ဆိုတာ လုံးဝ (လုံးဝ) မမျှော်မှန်းရဲအောင်ဖြစ်ရပါတယ်။

ဒါကြောင့် ရဲဘော်တို့ရဲ့ လက်နက်ကိုင်အင်အားစုတွေအနေနဲ့ စည်းလုံးညီညွတ်စွာနဲ့ အမြန်ဆုံးလုပ်ဆောင်ချိန် ဖြစ်ကြောင်း ထပ်မံပြီး အသိပေးနှိုးဆော်အပ်ပါတယ်။

## (ဓမ္မသည် အဓမ္မကို အောင်စမြဲ)

သကျကုလ
စက်တင်ဘာ ၂၇ ၊ ၂၀၀၇

# ထူးခြားသောဆုတောင်းမှုနှစ်ခု

တက္ကသိုလ်ရိပ်သာလမ်းဆီသို့ တောင်ပေါ် ချင်းတိုင်းရင်းသူကြီး ၈ ယောက် ခြေလှမ်းသွက်သွက်ဖြင့်သွားနေသည်။ အသက်အရွယ်မှာ ငါးဆယ်၊ ခြောက်ဆယ်ဝန်းကျင်ရှိပြီး လွယ်အိတ်ကိုယ်စီနဲ့ဖြစ်သည်။ သူတို့၏မျက်နှာများမှာ ဒုက္ခရောက်နေသူအားသွားရောက်ကယ်တင်မည့် အသွင်ဆောင်နေသည်။

**“ငါတို့ချင်းတောင်ကို လာလည်ဖူးတဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ သမီးအိမ်ကိုသွားမလို့။ လွယ်အိတ်ထဲမှာ ဇံဂေလိစာ ဘဲပါတယ်”**

အချိန်ကား စက်တင်ဘာလဆန်း တနင်္ဂနွေနေ့ဖြစ်သည်။ အင်းစိန်ခရစ်ယာန်ကျောင်းမှ ဝတ်ပြုဆုတောင်းပြီး ပြန်လာသော အဆိုပါချင်းအမျိုးသမီး ၈ ဦးမှာ ချင်းတောင်ဒေသ ဖလမ်း၊ တီးတိန် ဘက်မှဖြစ်သည်။ ရန်ကုန်ရောက်ခိုက် သူတို့အလွန်လေးစားရသောသူအား နေအိမ် အကျယ်ချုပ်ဖြင့်ချုပ်နှောင်ထားသည်ကိုသွားရောက်ဆုတောင်းပေးချင်သောဆန္ဒကြောင့် ကမာရွတ်ရှိ လှည်းတန်းမှတ်တိုင်တွင် ဆင်းပြီး အရှေ့ဘက် တက္ကသိုလ်ရိပ်သာလမ်းဆီသို့ ဆက်လက်ထွက်ခွာသွားသည်။



Photo : Website

ယခုတလော လုံခြုံရေးများထူထပ်စွာ အစောင့်ချထားသော တက္ကသိုလ်ရိပ်သာလမ်းသည် လူသွားလူလာရှင်းနေပြီး တော်ရုံကားများပင်လျှင် ဖြတ်မသွားရဲလောက်အောင်ဖြစ်နေသည်။ ဤသို့သော အခြေအနေတွင် အဆိုပါချင်းတိုင်းရင်းသူကြီး ရှစ်ဦးမှာ ရဲရင့်တည်ကြည်သောမျက်နှာဖြင့် မိမိသွားလိုသောနေရာဆီသို့ ဆက်လက်သွားနေဆဲဖြစ်သည်။ အိမ်အမှတ် ၅၄ အနီးရောက်သောအခါ လုံခြုံရေးများက သတိကြီးစွာဖြင့်စစ်ဆေးတော့သည်။ တောင်ပေါ်တိုင်းရင်းသူ အဖွားကြီးများဖြစ်သောကြောင့် လုံခြုံရေးအစောင့်များမှာ အနည်းငယ်စိတ်သက်သာရာရသွားသည်။ သို့ပေမဲ့ ဝတ္တရားအရမေးမြန်းမှုကို စတင်လိုက်သည်။

“ဘယ်သွားမလို့လဲ လွယ်အိတ်ထဲမှာ ဘာတွေပါလဲ။”

မဆိုင်းမတွပင် ချင်းအမျိုးသမီးဖြေဆိုလိုက်ပုံက ...

“ငါတို့ချင်းတောင်ကို လာလည်ဖူးတဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ သမီးအိမ်ကိုသွားမလို့။ လွယ်အိတ်ထဲမှာ ဇံဂေလိစာ ဘဲပါတယ်။ နင်တို့ကိုလည်းဝေငှပေးမှာပါ” ဟူ၍ ပါးစပ်ကလည်းပြော၊ လက်ကလည်း လွယ်အိတ်ထဲမှခရစ်ယာန်ဓမ္မစာများကိုအစောင့်များထံဝေငှလိုက်သည်။

လုံခြုံရေးအစောင့်ထဲမှ ဗိုလ်ကြီးဆိုသူရောက်လာပြီးဆက်လက် မေးမြန်းပြန်သည်။

“ဘယ်သူ့အမိန့်နဲ့လာသလဲ၊ ဒီအိမ်ကို ဘယ်သူမှလာလို့မရဘူး။”

အသက်အကြီးဆုံး ချင်းတိုင်းရင်းသူကြီးက မိုးကောင်းကင်သို့ လက်ညှိုးထိုးရင်း “ဒီကိုလာတာ အထက်အမိန့်နဲ့လာတာ၊ ဆုတောင်းပေးဖို့လည်းအထက်ကအမိန့်ပေးလိုက်တယ်”ဟု ကြည်လင်ပြတ်သားသောအဖြေစကားကြောင့် ဗိုလ်ကြီးဆိုသူ ဘာမှဆက်မမေးရဲတော့ဘဲ ဆုတောင်းခြင်းကိုခွင့်ပြုလိုက်ရတော့သည်။

ဆုတောင်းသံများသည် တက္ကသိုလ်ရိပ်သာလမ်းထဲပျံ့လွင့်သွားသည်။ တောင်ပေါ်ချင်းတို့၏ခရစ်ယာန်လို ဆုတောင်းခြင်းသည် တိုးတိုးတိတ်တိတ်ဆုတောင်းခြင်းမျိုးမဟုတ်ပါ။ ကြွေကွဲသော စိတ်နှလုံးသားဖြင့်အထက်ကောင်းကင်ဘုံအထိကြားအောင် အော်ဟစ်ဆုတောင်းခြင်းမျိုးဖြစ်သည်။ ရန်ကုန်မိုးက မခြိမ်းဘဲရွာချလိုက်တာကြောင့် ရွဲရွဲစိုနေသည့်တိုင် ထီးမဆောင်းဘဲ ဆက်လက်ဆုတောင်းရာ မိနစ် ၂၀ ခန့်ကြာသွားသည်။ နေအိမ်ခြံထဲသို့ ဝင်ခွင့်မရသော်လည်း ခြံအပြင်မှ ဆုတောင်းသံကို သူတို့ယုံကြည်လေးစားသော ဗိုလ်ချုပ်အောင်ဆန်းသမီးသည်ကြားသိလောက်ပေသည်။စိတ်ကျေနပ်သွားလောက်အောင် ဆုတောင်းပေးပြီးနောက် ခရစ်ယာန်ထုံးစံအရ အချင်းချင်းလက်ဆွဲ နှုတ်ဆက်သည့်အပြင် အစောင့်များထံသို့လည်းသွားရောက်ကာ လက်ဆွဲနှုတ်ဆက်ကြသည်။

ထိုထဲမှ ဗိုလ်ကြီးဆိုသူသည် “အခုနက အထက်အမိန့်နဲ့လာတယ်လို့ပြောတယ်။ သူ့ရဲ့ အမိန့်စာပါရင်ပေးခဲ့ပါ” ဟူ၍ မဝံ့မရဲဖြင့်အဘွားကြီးကို ဆက်လက်မေးမြန်းလိုက်သေးသည်။ ချင်းအမျိုးသမီးကြီးအားလုံး အထင်သေးမျက်နှာဖြင့် ဗိုလ်ကြီးဆိုသူ၏မျက်နှာဆီသို့ စုပြုံရောက်ရှိသွားသည်။

အဖွားအိုကဆက်လက်ပြောလိုက်သည်မှာ “အထက်ကအမိန့်စာဆိုတာပြဖို့မလိုဘူး။ အထက်ကောင်းကင်တမန်တွေဟာ ငါတို့ကိုအမြဲစောင့်ရှောက်နေတယ်။ ငါတို့လာရောက်ဆုတောင်းတာဟာ အထက်ကောင်းကင်တမန်က လွှတ်လိုက်လို့ဘဲ။ခုလည်းဆုတောင်းခြင်းအမှုကိုစွပြီးမြောက်တာဟာ ကောင်းကင်တမန်တွေ တပ်ချကာကွယ်ထားလို့ဘဲ၊ ဒီညမှာလည်း ငါတို့ချင်းတောင်ပြန်ဖို့အထက်ကောင်းကင်တမန်တွေကပို့ဆောင်ပေးဦးမှာ နင်တို့လည်းဘုရားသခင်ကို မမေ့နဲ့နော်။ ဘုရားသခင်ကောင်းချီးပေးပါစေ” ဟူ၍ ပြောဆိုပြီး အရှေ့ဘက်

ကမ္ဘာအေးဘုရားလမ်းဆီသို့ ထွက်ခွာသွားကြလေသည်။

အစောပိုင်းက အထက်အမိန့်ကြောင့်ဟုသာ ခွင့်ပြုလိုက်ရသောဗိုလ်ကြီးဆိုသူသည်အထက်ကောင်းကင်သံတမန်အမိန့်အကြောင်းကို ကောင်းကောင်းကြီးသိရှိသွားသည့်ပြင် နောက်ဆက်တွဲဖြစ်ပေါ်လာမည့်အထက်ဗိုလ်ချုပ်တို့၏ အရေးယူမှုတို့ကိုတွေးမိရင်း မှင်သက်ကျန်ရစ်ခဲ့လေတော့သည်။

## စက်တင်ဘာ ၂၂ ရက်နေ့

ရန်ကုန်မိုးသည်စံချိန်တင်အောင်ရွာသွန်းနေသည်။ လှည်းတန်းလမ်းဆုံမှ သံဃာထုကြီးသည် စနစ်တကျဖြင့်တက္ကသိုလ်ရိပ်သာလမ်းထဲသို့ဝင်သွားလေသည်။သံဃာတော်ချည်းသက်သက်မဟုတ်ပါ။ အင်္ကျီဖြူ ပုဆိုးအပြာများဝတ်ဆင်ထားသော ကျောင်းသားများအပါအဝင် ပြည်သူလူထုအင်အားကလည်းနောက်မှခြံရံ၍လိုက်ပါနေသည်။ ဘတ်စ်ကားမှတ်တိုင်မှခရီးသည်အချို့လည်း လိုက်ပါသွားရာလူထု အင်အားမှာအံ့မခန်းများပြားသွားလေသည်။

## လူပရိတ်သတ်ထဲမှ ရှိုက်သံများထွက်ပေါ်လာတာကြောင့် ကျနော်လည်းကျလုလုမျက်ရည်ကို ထိန်းထားနေရသည်

တက္ကသိုလ်ရိပ်သာလမ်း အိမ်အမှတ် ၅၄ အနီးသို့ရောက်သောအခါ လည်စီးအနီရောင်ပတ်ထားသော လုံထိန်းအပါအဝင် လုံခြုံရေးတပ်ဖွဲ့ဝင်များကဟန့်တားလိုက်သည်။လက်ထဲတွင်စကားပြောစက်၊ ခါးတွင်နံပါတ်တုတ်အနက်နှင့် လေးခွကအသင့်ချိတ်ဆွဲထားသည်။ နေအိမ်ရှေ့ ဂိတ်တံခါးကိုလည်း ပိတ်ဆို့ထားသည်။ သံဆူးခွေများကိုလည်းတပ်ဖွဲ့ဝင်များက ပိတ်ဆို့နေဆဲဖြစ်သည်။ ဤသည်မှာ ဓမ္မသမားများကို ဟန့်တားပိတ်ဆို့နေသည့် အဓမ္မသမားများ၏ပြင်ဆင်မှုဖြစ်သည်။

တဖက်တွင် မေတ္တာလက်နက်ကိုင်ဆောင်ထားသည့် သံဃာတော်များတွင်သာသနာ့အလံမွေ့တေးသံသာပိုင်ဆိုင်လေသည်။ခုတော့ အိမ်အမှတ် ၅၄ ရှေ့တွင် အာဏာရှင်သား အဓမ္မဘက်တော်သားနှင့်




Photo : Moemaka.com

ဗုဒ္ဓ၏သားဓမ္မဘက်တော်သားတို့ဆုံကြလေပြီ။ခါးတွင်လူသတ်လက်နက်အပြင် အကြမ်းဖက်နှိပ်ကွပ်မည့်ကိရိယာများ တပ်ဆင်ထားသော လုံခြုံရေးအရာရှိနှင့်သံဃာတော်ထဲမှဝါတော်ကြီးသောရဟန်းတော်တို့စတင်စကားပြောကြရာ အဓမ္မဘက်တော်သားက စတင်၍ “ ဒီနေရာဟာ လူစုလူဝေးနဲ့ လာလို့ရတဲ့နေရာမဟုတ်ဘူး။ တားမြစ်ဖို့ တာဝန်ရှိပါတယ်။” နှုတ်ကပြောသာပြောနေပေမဲ့ မျက်နှာမှာစိုးထိတ်ကြောက်လန့်နေသည်ကို အထင်းသားပြသနေသည်။

မျက်နှာတော်တည်ငြိမ်ပြီး မေတ္တာဓါတ်လွှမ်းခြုံထားသည့် ဓမ္မသားတော်က “ ဒီလူစုလူဝေးဟာ ဒကာတို့ကို ရန်မမူပါဘူးဆိုတာ ဘုန်းကြီးအာမခံပါတယ်။ ဒကာ ဗုဒ္ဓဘာသာမဟုတ်လား၊ ဆုတောင်းမေတ္တာပို့သတာကို ခံယူမလား၊ မခံယူဘဲ အကြမ်းဖက်မလား၊ ဘုန်းကြီးတို့ကတော့မေတ္တာပရိတ်တော်ရွတ်မယ်၊ ဒကာတို့တားမြစ်လည်း ရွတ်ဖတ်မှာဘဲ”

အဓမ္မဘက်တော်သား အရေးနိမ့်သွားလေပြီ။ မေတ္တာတန်ခိုးကြောင့် နောက်ဆုတ်သွားသောအခါ သံဃာတော်များ တန်းစီနေရာယူပြီး မေတ္တာသုတ် ပရိတ်တော်ကို စတင်ရွတ်ဖတ်လေသည်။ လူထုပရိတ်သတ်ကြီးလည်း ယဉ်ကျေးစွာငြိမ်သက်ပြီးလက်အုပ်များချီကာ ပရိတ်တော်ရွတ်ဖတ်ခြင်းကိုနာကြားနေသည်။ နေအိမ်အမှတ် ၅၄ သည် ဝန်းထရံများ နှစ်ထပ်ကာထားခြင်းကြောင့် အိမ်ကိုကောင်းစွာမမြင်ရသော်လည်း ပရိတ်ရွတ်ဖတ်သံကို ကောင်းစွာကြားနိုင်လောက်သည်။ မိုးရေထိထားသော နေအိမ်ခြံစည်းရိုးမှဒေါင်းအလံများသည် တလူလူလွင့်နေသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းများကိုရေးသားထားသောစာတမ်းပိုစတာကြီးသည် ချီးမွမ်းဂုဏ်ပြုသည့်အလားတဖတ်ဖတ်အသံပြုနေသည်။

ခဏအကြာမှာပင် နေအိမ်ခြံဝင်းတံခါးပွင့်လာသည်။ ရှေးဦးစွာထွက်လာသူက အရပ်မြင့်မြင့်လုံထိန်းသုံးယောက်ဖြစ်သည်။ အဲဒီနောက်ထွက်လာသူက ပင်နီအင်္ကျီဝတ်ဆင်ထားသောဒေါ်အောင်ဆန်းစုကြည်ပင်ဖြစ်သည်။ ကပ်လျှက်အမျိုးသမီးနှစ်ဦးကလည်း ဘေးတစ်ဘက်စီခြံရံပေးထားသည်။ အားလုံးလိုလိုသံဃာတော်များကို လက်အုပ်ချီဖူးမျှော်နေကြသည်။ ဒုတိယအကြိမ် ကန်တော့သောအခါ မျက်ရည်များယိုစီးကျလာသည်ကို အထင်းသားတွေ့လိုက်ရသည်။ တတိယမြောက်ကန်တော့ပြီးသောအခါ မေတ္တာပရိတ် ရွတ်ဖတ်နေကြသောသံဃာတော်အချို့ မိုးရေကြောင့်လား၊ မျက်ရည်ကြောင့်လားမသိ ခွဲခြားရခက်သော မိုးရေ (ဝါ)မျက်ရည်တို့သည်ပါးပြင်ထက်၌ခိုနေသည်။ အိမ်ရှေ့ဂိတ်မှ အစောင့်စစ်သားအချို့၏မျက်နှာမှာ မကောင်းလှပေ။ ကျလုလုမျက်ရည်ကိုထိန်းထားနေရသည်။ လူပရိတ်သတ်ထဲမှ ရှိုက်သံများထွက်ပေါ်လာတာကြောင့် ကျနော်လည်းကျလုလုမျက်ရည်ကို ထိန်းထားနေရသည်။ ဒီနောက်မှာတော့ ဝမ်းမြောက်စွာနှုတ်ဆက်နေကြသောအသံများထွက်ပေါ်လာသည်။မေတ္တာသုတ်ဖတ်ကြားမှုလည်း အောင်မြင်စွာ ပြီးဆုံးသွားခဲ့လေသည်။

စာမျက်နှာ ၂၆ သို့

# ဗိုက်ကန်းခေါင်ခိုက် သမယ၊ မိဂ္ဂသညီ ဝဲသြဃ

ဗမာစစ်အာဏာရှင်အစိုးရက မိမိနှင့်အမြင်မတူသူများအပေါ် "ငါနှင့်မတူ ငါ့ရန်သူ" အဖြစ်သတ်မှတ်ပြီး ပြတ်သားခက်ထန်သော သံမဏိစည်းမျဉ်းများဖြင့် လူမဆန်စွာ ကြမ်းရမ်းချုပ်ချယ် ဖိစီးနှိပ်ကွပ်လာခဲ့သော်လည်း စစ်အုပ်စုကို ဆန့်ကျင်ရှုပ်ချသည့် ဆန္ဒပြပွဲများ ပြည်တွင်းပြည်ပအနှံ့ မရပ်မနားလှုပ်ရှားအားကောင်းလာခဲ့သည်။

ကျပ်ငွေတန်ဖိုးနိမ့်ကျထိုးစိုက်၊ ကုန်ဈေးနှုန်းခေါင်ခိုက်နေသည့်ကြားကဘာမျှကြိုတင်သတိပြုအသိပေးမှုမလျှဉ်းမရှိဘဲလောင်စာဆီဈေးအဆမတန် ရုတ်ချည်းမြှင့်လိုက်ကြောင်းကြေငြာလိုက်ခြင်းမှာ လူထု၏နာကျည်းမှုအား စနက်တံမီးပွားတို့ပေးလိုက်သကဲ့သို့ဖြစ်၏။ လက်လုပ်လက်စားလူထု၏ ဆင်းရဲဒုက္ခဝဲသြဃကိုလျစ်လျူရှုပြီး လူမှုရေး ခရဆန်ကျွတ်ဘဝ ပိုမိုဆိုးဝါးစေသဖြင့်မခံမရပ်နိုင်တော့သည့်အဆုံးကျောင်းသား၊ဘုန်းကြီး၊ ပြည်သူအားလုံး ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်ပြသလာတော့သည်။

အတွက် ထမင်းအိုးပေါင်သူပေါင်အဖြစ်မျိုးတွေ့ကြုံလာရသည်။

"အောက်ခြေလူထုက မျက်စိသူငယ်နဲ့တကယ့်ကိုဗိုက်ဟောင်းလောင်း အနေအထားဖြစ်နေပြီ။ ဒီဒုက္ခပင်လယ် အနိဋ္ဌာရုံကနေဘယ်တော့ကျော်လွှားလွန်မြောက်နိုင်မလဲဆိုတာ လုံးဝအရိပ်အယောင်မမြင်ရသေးဘူး" ဟု ရန်ကုန်အခြေစိုက် သံတမန်တစ်ဦးက ကောက်ချက်ချသည်။ ၄င်းကပင် – ယခင်လက လောင်စာဆီဈေးနှင့် သဘာဝဓါတ်ငွေ့ဈေးနှုန်းရုတ်တရက်အမြင့်ကြီးခုန်တက်မှုကြောင့် ကျပ်ငွေဖောင်းပွမှုလည်း တန္တယ်ငင်တစင်ပါဆိုသလို လက်ရှိချွတ်ခြုံကျ စီးပွားရေးအတွက် ပူးလေးရာ ဖယုံဆင့် အိနင့်လာဦးမည်ဟု ထောက်ပြသည်။

ဖောက်ပြားမှားယွင်းသော အုပ်ချုပ်မှု နှစ်လကြာညောင်း၊ အသက်မွေးဝမ်းကျောင်းကြပ်တည်းနိမ့်ကျ ဆန့်ကျင်ဆန္ဒပြမှုရှည်ကြာ၊ ဤအင်္ဂါစုံမှုများမှ ပြည်သူ့အင်အား People Power အဖြစ်တပြည်လုံး အနှံ့ကြီးမားကျယ်ပြန့်လာမည်ဖြစ်သည်။

> **ဖောက်ပြားမှားယွင်းသော အုပ်ချုပ်မှုနှစ်လကြာညောင်း၊ အသက်မွေးဝမ်းကျောင်းကြပ်တည်းနိမ့်ကျ ဆန့်ကျင်ဆန္ဒပြမှုရှည်ကြာ၊ ဤအင်္ဂါစုံမှုများမှ ပြည်သူ့အင်အား People Power အဖြစ် တပြည်လုံး အနှံ့ကြီးမားကျယ်ပြန့်လာမည်**

နိုင်ငံအသီးသီး၌ ခိုလှုံနေထိုင်လှုပ်ရှားကြသည့် ပြည်ပရောက်ဗမာပြည်သူများနှင့် ဒီမိုကရေစီယုံကြည်လိုလားသော ကမ္ဘာ့လူထုကလည်း နေအိမ်တွင် ၁၂ နှစ်ခန့် အကျယ်ချုပ်ခံထားရသူ ငြိမ်းချမ်းရေးနိုဗယ်ဆုရှင် ဒေါ်အောင်ဆန်း စုကြည်အား လွှတ်ပေးရန် အစဉ်တစိုက်တောင်းဆိုနေကြဆဲဖြစ်၏။ အကြောင်းမှာ ပြည်တွင်း ပြည်သူများအဖို့အစဉ်တစိုက် ပါးစပ်ပိတ်ခံရသောကြောင့်ဖြစ်သည်။

ဗမာစစ်အစိုးရအပေါ် ပြည်သူများ စက်ဆုတ်ရွံရှာ အော့နှလုံးနာကြရခြင်းမှာ နိုင်ငံရေးအခြေခံတစ်ခုတည်းကြောင့် မဟုတ်။ နိုင်ငံရေးကိစ္စထက်ပိုမိုနာကျည်းဘွယ်အခြားအဓိကအကြောင်းရင်းခံများကြောင့်ဖြစ်၏။ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ ဆုတ်ယုတ်နိမ့်ကျသည့်ဖိစီးမှုဒဏ်ကြောင့်ရဟန်းသံဃာများပင်လျှင်ပစ္စည်းလေးပါးခေါင်းပါးချည့်နဲ့မှုနှင့် ရင်ဆိုင်ကြရကြောင်း၊ ညီးတွားလာရသည်အထိဖြစ်သည်။

လွန်ခဲ့သည့်အနှစ် ၅၀ ခန့်က ရွှေဟောင်းနှောင်းဖြစ်ကို ပြန်ပြောင်းလှန်လှောစစ်ကြောကြည့်လျှင်ရန်ကုန်မြို့တော်သည်အာရှတခွင်သစ်လွင်တိုးတက်သော စီးပွားရေးအချက်အခြာဈေးကွက် အဖြစ်ဝင့်ကြွားနိုင်ကြောင်း ချီးကျူးထောပနာပြုခံခဲ့ရသည်။

ယနေ့အဖို့ရန်ကုန်မြို့မြင်ကွင်းကား နိမ့်ကျပျက်ပြား ဆုတ်ယုတ်အကျည်းတန်လှပြီဖြစ်၏။မြို့တော်သူမြို့တော်သားများအဖို့ပြည်ပျက်ကိန်းဆိုက်နေရသဖြင့် ဘိုးဘွားအမွေအနှစ် ပစ္စည်းဥစ္စာ အဟောင်းအမြင်းကိုပင်ထုခွဲရောင်းချပြီး လောင်စာဆီဝယ်သူဝယ်၊ ဘတ်စ်ကားခ



"ကနေ့အဖို့ တကယ့်ပြည်လုံးကျွတ်ပြည်သူ့အင်အားအဖြစ်ပေါက်ကွဲပြင်းထန်လာဘို့ ကြီးမားလုံလောက်တဲ့တွန်းအားတွေ မတွေ့ရသေးပေမဲ့ ရေရှည်အတွက်တော့ အာမ မခံရဲဘူး။ အဲဒီအမြင့်ဆုံးအဆင့်ကို ဦးတည်တဲ့ အလားအလာ အရိပ်အယောင် အများကြီးတွေ့နေရတယ်" ဟု အကဲခတ်များက သုံးသပ်ကြသည်။

ဗမာကျပ်ငွေတန်ဖိုး (၁ ဒေါ်လာ ၁၃၅၀ ကျပ် ၁ဘတ်၄၀ကျပ်) သမိုင်းဝင်အနိမ့်ဆုံးအဆင့်သို့ ဒလဟော ထိုးကျသည့်အဖြစ်တစ်ခုတည်းအပေါ် ချိန်ထိုးသုံးသပ်ကြည့်ရုံနှင့် အခြေအနေအဖျားရှူးသွားနိုင်ချေမရှိကြောင်း မီးမောင်းထိုးပြနေသည်။

တနှစ်လျှင် ငွေကြေးဖောင်းပွမှု ၅၀ % အထက်တွင်ရှိကြောင်း

စီးပွားရေးပညာရှင်များထောက်ပြပြီး ပြည်သူများ၏နေထိုင်စားသောက်မှုစားရိတ်ကို တိုင်းတာကြည့်ပြန်လျှင်လည်း လွန်ခဲ့သည့်နှစ်ဝက်က အရည်အသွေးအသင့်အတင့်ရှိ ဆန်တအိတ်၏ဈေးနှုန်း ကျပ် ၂၈,၀၀၀ မှာ ယခုအခါ ၃၂,၀၀၀ ကျပ်သို့မြင့်တက်လာသဖြင့် သာမာန်လက်လုပ်လက်စား ပြည်သူများလုံးဝဝယ်မစားနိုင်ကြပေ။

၁၉၆၂၊ ၁၉၈၈ နှစ်များ၌ အာဏာသိမ်းခဲ့သော စစ်အုပ်စုအဖို့ ဤအချက်ကိုရိပ်မိသဖြင့် ဆင်းရဲသားပြည်သူများ၏ မှတ်သိပ်နာကျည်းမှုအားကုစားရန် အချို့နေရာတွင် အစာရေစာများ(ဆင့်ပါးစပ် နှမ်းပက်) တိတ်တဆိတ် ဝေငှကျွေးသပ်နှစ်သိမ့်လာခြင်းဖြစ်သည်။

"စစ်အစိုးရအဖို့ လောလောဆယ် အလိုအပ်ဆုံးအရာက တော့ပြည်သူတွေရဲ့ ကြပ်တည်းငတ်ပြတ်မှုနဲ့ စစ်အုပ်စုအပေါ် နာကျည်းမှုကိုထိန်းချုပ်နိုင်အောင် အာရုံပြောင်းဆေးကောင်းတခွက်ရှာကြံဖန်တီးဖို့ဖြစ်တယ်" ဟု ဗမာ့အရေးလေ့လာသူထိုင်းအခြေစိုက် ၁၉၈၈ ဗမာကျောင်းသားဟောင်း အောင်နိုင်ဦးက ရိုက်တာသတင်းထောက် အက်ခရောပလီ အားသုံးသပ်ပြသည်။

မင်းကိုနိုင်၊ ကိုကိုကြီး၊ ကိုပြုံးချို၊ ကိုဂျင်မီစသည့် ရှစ်လေးလုံးမျိုးဆက်သစ်ကျောင်းသားခေါင်းဆောင် ၁၃ ယောက် အထိန်းသိမ်းခံရပြီးနောက်ပိုင်း၊ နိုင်ငံရေးသမားများနှင့် အမှန်တရားမြတ်နိုးသူ ၂၀၀ နီးပါးအဖမ်းခံရပြီးနောက်ပိုင်း၊ ပခုက္ကူအရေးအခင်းနောက်ပိုင်း၊ ဗမာပြည်မြို့ကြီးတော်တော်များများတွင် သံဃာတော်များနှင့် လူထုအထောင်အသောင်း ငြိမ်းချမ်းစွာဆန္ဒပြချီတက် လမ်းလျှောက်ပွဲများ နေ့စဉ်ရက်ဆက်ပြုလုပ်လာကြသည်။

၁၉၈၈ ကကဲ့သို့ကျူပင်ခုတ်ကျူငုတ်မကျန် ကြမ်းတမ်းစွာ အပြတ်ရှင်းနှိပ်ကွပ်ရကောင်းနိုးနိုး၊ ကြံ့/ဖွံ့၊ စွမ်းအားရှင်ကဲ့သို့ အလိုတော်ရိများဖြင့် ပုဆိုးသတ်မှောက်လန့်ရကောင်းနိုးနိုး၊ အချိုသတ်၊ အပျော့ဆွဲနည်းသုံးရကောင်းနိုးနိုး– စစ်အာဏာရှင်များ ချီတုံချတုံဖြစ်နေပုံရသည်။

စစ်အုပ်စုထိပ်သီးကြီးများ မေတ္တာပွားသနားပြ တရားရသည့်အကြောင်းတရားကြောင့်တော့မဟုတ်။ ဒီမိုကရေစီ လိုလားတောင့်တကြသော ပြည်သူလူထု၏အခွင့်အရေးကို လက်ခံအသိအမှတ်ပြုကြောင်းပြသလို၍လည်းမဟုတ်။ ရဟန်းရှင်လူ ပြည်သူကျောင်းသားထောင်နှင့်ချီ အသက်စတေးသွေးစွန်း ပေးဆပ်ခဲ့ရသည့် ကမ္ဘာကျော်သမိုင်းဝင် ရှစ်လေးလုံး အရေးတော်ပုံမှ အနိဋ္ဌာရုံများ လွှမ်းခြုံထားသည့် ခြောက်လှန့်မှုကြောင့် ဖြစ်နိုင်သည်။

ပခုက္ကူနှင့် စစ်တွေသံဃာ ကံဆောင်ဆန္ဒပြမှုများတွင် မိုးပေါ်သေနတ်ပစ်ဖောက်ခြိမ်းခြောက်မှုနှင့်အတူ စစ်အုပ်စု၏ပုဆိန်ရိုး လက်ပါးစေအရပ်ဝတ် လူရမ်းကားများဖြင့် သံဃာနှင့် ပြည်သူ့လူစုလူဝေးကို ဖြိုခွဲစေခဲ့၏။

သို့သော်စစ်အုပ်စုဆန့်ကျင်ရေးဆန္ဒပြမှုများငြိမ်ကျချုပ်ငြိမ်းသွားမည့်အစား တိုင်းနှင့်ပြည်နယ်မြို့ကြီးများသို့ ကူးစက်ပျံ့နှံ့လာနေပြီဖြစ်၏။ အထူးသဖြင့် သံဃာတပ်ပေါင်းစု၏ ဦးဆောင်မှုဖြင့် တနိုင်ငံလုံးရဟန်းသံဃာနှင့်ပြည်သူများအစပြီးတစပို၍ပို၍ပူးပေါင်းလာကြသည်။

"လူလူချင်း နှိပ်စက်ခြင်း ကင်းရှင်းကြပါစေ၊ တို့မေတ္တာစွမ်းကမ္ဘာလွှမ်း အေးချမ်းကြပါစေ"– ဟူသော ဆောင်ပုဒ်အောက်တွင် သံဃာ့တပ်ပေါင်းစု၏ ကမကထပြုမှုဖြင့် နိုင်ငံရေးသမား၊ ကျောင်းသားပြည်သူ၊ အနုပညာရှင်၊ တတ်သိပညာရှင်များ လက်တွဲညီညာဝန်းရံစုဝေးလာကြပြီဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော NLD အဖွဲ့ချုပ် နှင့် အတိုက်အခံများ၏လက်ရှိအခန်းကဏ္ဍကိုလည်း သံသယရှိဖို့မလိုတော့။ ဇာတ်ခုံပေါ်တွင် တရားဝင်ပေါ်တင်ဝင်ရောက်ကပြမှု မပြုသေးသည့်တိုင် ကလကာနောက်ကွယ်ဝယ် ဆိတ်ငြိမ်ငြင်သာစွာ ဇာတ်တိုက်အကွက်ချနေလောက်ပြီဟု ယူဆရသည်။

ဗမာတိုင်းပြည် ထိုဌာနီမျိုး ကံဆိုးမိုးမှောင်၊ မိုက်ကန်းခေါင်ခိုက်သမယ၊ မိဂ္ဂသညီ ဝဲသြဃ၊ တိမ်တိုက်မဲကြီးမှ လွန်မြောက်နိုင်မည်လော။

**ဂျူပီတာ (ထိုင်းရတ် 9/ 9/ 2007)**

**စာမျက်နှာ ၂၄ မှ**

အမေ့ဘက်တော်သားများပုံစံက အစွယ်ကျိုးသည့် မြွေပွေးလိုပျော့ခွေသွားလေသည်။ (ကျနော့အထင် ကိုင်ထားသောသေနတ်များကိုလွှင့်ပစ်ပြီးမျက်နှာကို ကားလမ်းနှင့်ပွတ်တိုက်ချင်နေပုံရသည်)

စီးနေကျအမှတ်( ၅၁ ) ဘတ်စ်ကားသည် လူအပေါင်းကြပ်သိပ်နေသည့်အတွက် ညမိုးချုပ်မှကျနော်အိမ်ပြန်ရောက်သည်။ မိုးမိထားသောအရှိန်ကြောင့် စောစောအိပ်ယာဝင်ခဲ့ပေမဲ့ အိပ်မပျော်နိုင်ဘဲယနေ့မြင်ကွင်းတွင်ထူးဆန်းစွာတွေ့ခဲ့ရသည့် အိမ်အမှတ် ၅၄ မှ ဒေါင်းအလံများနှင့် ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းစာတမ်းများကို မျက်စိမှ မထွက်နိုင်ဘဲမြင်ယောင်မိနေသည်။ လေမတိုက်ဘဲဘာကြောင့် အလံနှင့်စာတမ်းများလွှင့်နေရသနည်း။

တိုက်ဆိုင်မှုတစ်ခုပင်ဖြစ်ပါသည်။ ဂျပန်ခေတ်ကာလ ဖက်ဆစ်ဂျပန်တော်လှန်ရေးစတင်သောနေ့(အောင်မြေနင်းပွဲနေ့) တွင်တော်လှန်ရေးပန်းခြံတွင်လွှင့်ထူထားသော ဂျပန်အလံတော်နှင့် ဗမာ့တပ်မတော်ဒေါင်းအလံတော်နှစ်ခုတွင် ဂျပန်အလံတော်သည် ငြိမ်သက်နေပြီး ဒေါင်းအလံတော်သည် တလူလူလွှင့်နေခဲ့ပါသည်။ မကြာလှပါ ဖက်ဆစ်ဂျပန်များအရှုံးကြီးရှုံးကာ တော်တော်လေးပေးဆပ်လိုက်ရသည်။ ဗမာ့တပ်မတော်သည် တပ်ပေါင်းစုကြီးအသွင်ဖြင့် အောင်မြင်မှုသရဖူဆောင်းနိုင်ခဲ့ပါသည်။

ယခုလည်း နိမိတ်ကောက်ရသော် သမိုင်းဝင် ဒေါင်းအလံတော်သည် မကြာမီအောင်မြင်မှုသရဖူဆောင်းနိုင်ပြီး အမေ့ဘက်တော်သားတို့ ၏ ဘဝမှာ ဘယ်သို့ .... ဘယ်ကို .... ဘယ်လို .... ဘယ်စခန်းသွားမည်နည်းကိုတွေးမိရင်း များစွာစိတ်မကောင်းဖြစ်မိပါတော့သတည်း။

**မင်းလွင် (ရှမ်းပြည်)** shanarmy@gmail.com

# နအဖ ဖွဲ့စည်းပုံ တိုင်းရင်းသားအဖွဲ့အစည်းတွေ ကျေနပ်မှုမရှိ

၁၉၉၃ အမျိုးသားညီလာခံစတင်ကျင်းပခဲ့တဲ့ အချိန်တုန်းက ညီလာခံတက်ခဲ့ဖူးတဲ့ ဖယ်ခုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ခွန်မားရ်ကိုဘန်း ကတော့အရင်တုန်းကလည်းဖွဲ့စည်းအုပ်ချုပ်ပုံ ၂ ခု ရှိခဲ့ဖူးပြီး တခုစီကို ၁၄ နှစ်စီဘဲခံခဲ့တယ်လို့ ပြောပါတယ်။

*"ဗိုလ်ချုပ်အောင်ဆန်းကျဆုံးပြီးနောက်ပိုင်းမှာ ဝန်ကြီးချုပ်ဦးနု ဦးဆောင်တဲ့ ဖဆပလ အဖွဲ့ချုပ်က ဗမာပြည်မကို ပြည်ထောင်စု အာဏာပေးထားပြီးတော့ ကျန်တဲ့ပြည်နယ်တွေကို လက်အောက်ခံအဖြစ် ထားရှိတယ်။ ပြည်နယ်ရသင့်ရထိုက်တဲ့ မွန်တို့ ရခိုင်တို့ကို ပြည်နယ် မပေးဘူး။ ဒါကြောင့် ပြည်တွင်းစစ်ဟာ တစ်ဆင့်ပြီးတစ်ဆင့် တောက်လောင်သွားပြီးတော့ နောက်ဆုံး ၁၉၆၂ မှာ ဗိုလ် နေဝင်းအာဏာသိမ်းလို့ ဖွဲ့စည်းပုံအခြေခံဥပဒေပျက်သွားတယ်။ ထိုနည်းတူဘဲ ၁၉၇၄ မှာ ဗိုလ်နေဝင်းနဲ့စစ်အုပ်စုက စိတ်ကြိုက်ဖွဲ့စည်းပုံရေးဆွဲပြန်တယ်။ ၁၉၈၈ အရေးတော်ပုံကြီးကြောင့် သူတို့စိတ်ကြိုက်ရေးဆွဲတဲ့ဖွဲ့စည်းပုံကိုသူတို့ ဖျက်သိမ်းလိုက်ရတယ်။ ဒါလည်း ၁၄ နှစ်ဘဲ ခံတယ်ဆိုတာ ကျနော်တို့ သမိုင်းစာကောင်းကောင်းရပြီးဖြစ်တယ်။ အခု ၁၄ နှစ်ကျော်ရေးဆွဲလာတဲ့ နအဖ အခြေခံဥပဒေကလည်း တိုင်းရင်းသားလူမျိုးစုများကို အမျိုးဖြုတ်ဖို့အတွက်သက်သက်ဘဲဖြစ်တယ်။ ဒါကြောင့် ဒီဖွဲ့စည်းပုံက ဘယ်လိုမှလက်တွေ့သုံးလို့ရမှာမဟုတ်ဘူး။လူထုလက်ခံမှာမဟုတ်ဘူး။"*

ညီလာခံကိုအရင်တုန်းကတက်ရောက်ခဲ့ဖူးပြီး ထိုင်း–မြန်မာ နယ်စပ်ကိုရောက်လာသူတစ်ဦးဖြစ်တဲ့ သထုံမြို့က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ခွန်မြင့်ထွန်းကတော့ စစ်အစိုးရကိုယ်တိုင်ကမကထ လုပ်ပြီးဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနေတာက သူကိုယ်တိုင်ထုတ်ပြန် ထားတဲ့ဥပဒေတွေကို ချိုးဖောက်နေတာလို့ပြောပါတယ်။

*"နဝတ က ၁/ ၉၀ ကိုဥပဒေကဲ့သို့ အာဏာတည်သော အမိန့်ဆိုပြီး တော့ကြေငြာခဲ့တယ်။ ၁/ ၉၀ ထဲမှာ လွှတ်တော်ကို နဝတ ကခေါ်ပေးမယ်လို့အာမခံချက်ပေးထားတယ်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲဖို့ တာဝန်ရှိတဲ့လူက လွှတ်တော်ကိုယ်စားလှယ်တွေဖြစ် တယ်လို့ပြောထားတယ်။ ပြည်သူ့လွှတ်တော်နဲ့အတည်ပြုပြဌာန်း တာမရှိဘဲနဲ့ နဝတ ခေတ်မှာရေးဆွဲသမျှဥပဒေတွေအကုန်လုံး အတည် မဖြစ်နိုင်ပါဘူးခင်ဗျ"*



အခုအမျိုးသားညီလာခံကျင်းပပြီး အခြေခံမူတွေနဲ့အညီ ဖွဲ့စည်းအုပ်ချုပ်ပုံတစ်ရပ်ရေးဆွဲရေးက ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေး နိုင်ငံရေးလမ်းညွှန်အစီအစဉ်တွေထဲက ပထမခြေလှမ်းဖြစ်တယ်လို့ စစ်အစိုးရကကြေငြာထားပါတယ်။ ဒါပေမဲ့လည်း ဒီပထမခြေလှမ်းဟာ စစ်အစိုးရ ၁၉၉၃ ကတည်းက စလှမ်းခဲ့တဲ့ခြေလှမ်းဖြစ်ပြီး ဒီ ၁၄ နှစ် ကြာခဲ့တာကြောင့် နောက်ထပ်ကျန်တဲ့အဆင့်တွေကို ဘယ်လောက် ကြာကြာထပ်လှမ်းရဦးမှာလဲ၊ ဘယ်လောက်အချိန်ယူမှာလဲ၊ တစ်ဆင့် ချင်း ၁၄ နှစ်စီကြာမှာလား၊ မေးခွန်းထုတ်စရာတွေရှိနေပါတယ်။ ❑

**VOA 2/9/2007**

## ၁/၉၀ ကို နအဖ ပစ်ပယ်

"ညီလာခံပြီးသွားပေမဲ့ ညီလာခံတက်တဲ့ ငြိမ်းချမ်းရေးအုပ်စုတွေ တင်ပြတဲ့အချက်တွေအပေါ်မှာ ပြေလည်မှုရှိမလား၊ မရှိဘူးလား ဆိုတာ အဖွဲ့အစည်းအသီးသီးက သူတို့ဗဟိုကော်မတီမှာသူ့ဟာသူဆုံးဖြတ်မယ်။ ညီလာခံရဲ့အခန်းကဏ္ဍနဲ့အနာဂတ်ဗမာပြည်နိုင်ငံရေးအခန်းကဏ္ဍဟာ ဒီလက်နက်ကိုင်ငြိမ်းချမ်းရေးအုပ်စုတွေရဲ့ ဆုံးဖြတ်ချက်အပေါ်မှာတည်လိမ့်မယ်လို့ ကျနော်မြင်တယ်။ ၁/၉၀ အရ ဆက်သွားရင် လွှတ်တော်ခေါ် ပေးရမယ်။ ၁/၉၀ မှာ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးမှာ လွှတ်တော်ကိုယ်စားလှယ်တွေတာဝန်ရှိတယ်လို့ပြောတာကိုး။ အခုဟာက အခြေခံ ဥပဒေရေးဆွဲရာမှာ လွှတ်တော်ကိုယ်စားလှယ်တွေပါနိုင်တဲ့အခန်းကဏ္ဍရှိသလား။ ပါဝင်ရမဲ့အခန်းကဏ္ဍရှိရင်တော့ လွှတ်တော်ကိုယ်စားလှယ် တွေဟာ ကြားပေါက်ကနေ သွားတက်လို့မရဘူး။ လွှတ်တော်ခေါ် ပေးရမယ်။ လွှတ်တော်ခေါ်ပြီးတော့ ၁/၉၀ အရ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲဖို့ လွှတ်တော်ကိုယ်စားလှယ်တွေမှာတာဝန်ရှိတယ်။ လွှတ်တော်ခေါ်ပြီးတော့စီစစ်ရမယ်။ ဖြည့်စွက်စရာရှိရင် ဖြည့်ပေးရမယ်။ ဒါဟာ လွှတ်တော် ကိုယ်စားလှယ်တွေရဲ့အခန်းကဏ္ဍပဲ"

**ဦးထောင်ကိုထန်း၊ စီအာပီပီအဖွဲ့ဝင်**
**တမူးမြို့နယ် UNLD လွှတ်တော်ကိုယ်စားလှယ်**

# တိုင်းရင်းသားကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နဲ့ သွေဖည်တဲ့ နအဖ ဖွဲ့စည်းပုံ

မြန်မာစစ်အစိုးရက ၁၄ နှစ်ကျော်ကျင်းပခဲ့တဲ့ အမျိုးသား ညီလာခံကို အပြီးသတ်လိုက်ပေမဲ့ ဒီညီလာခံက ချမှတ်တဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရေး လမ်းညွှန်ချက်တွေကြောင့် တိုင်းပြည်ရဲ့ အခက်ခဲတွေပိုပြီးရှုပ်ထွေးလာနိုင်တယ်လို့ ဒေသတွင်းလူ့အခွင့်အရေး လှုပ်ရှားသူတွေက သတိပေးနေကြပါတယ်။ ညီလာခံကချမှတ်တဲ့ လမ်းညွှန်ချက်တွေဟာ ပြည်ထောင်စုစစ်စစ်တည်ဆောက်ရေးကို ဦးမတည်ဘူးလို့လည်း တိုင်းရင်းသားတချို့က ဝေဖန်ကြပါတယ်။

AIPMC မြန်မာ့အရေးလှုပ်ရှားနေတဲ့ အာဆီယံလွှတ်တော် အမတ်များအဖွဲ့ရဲ့ အမှုဆောင်ညွှန်ကြားမှူးဖြစ်သူ Roshan Jasom က *"စစ်စိုးရရေးဆွဲတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေလမ်းညွှန်ချက်တွေအပေါ်မှာ ၉၀ ခုနှစ် ရွေးကောက်ပွဲအနိုင်ရ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ မြန်မာပြည်သူတွေက လက်ခံမှာမဟုတ်ဘူး"*

အာဆီယံဒေသတွင်း လူ့အခွင့်အရေးလှုပ်ရှား ဆောင်ရွက်နေတဲ့ Alt-ASEAN အဖွဲ့က Debbie Stothard ကတော့ တိုင်းပြည်အတွက်အဖြေရှာမဲ့အမျိုးသားညီလာခံဟာမြန်မာပြည်သူတွေအတွက် ပြဿနာတစ်ခုဖြစ်နေရုံတင်မဟုတ်ဘဲ စစ်အစိုးရကိုယ်တိုင်အတွက်လည်း ပြဿနာတစ်ခုဖြစ်နေတယ် လို့ပြောပါတယ်။

*"မြန်မာပြည်သူတွေရဲ့ နေ့တဓူဝရပ်တည်ရေးအခြေအနေတွေဟာ စစ်အစိုးရရဲ့မှားယွင်းတဲ့ စီမံခန့်ခွဲမှုတွေကြောင့် အတိဒုက္ခရောက်နေပါတယ်။ မြန်မာစစ်အစိုးရကိုယ်တိုင်က သူ့အာဏာတည်မြဲရေးအတွက် ဖွဲ့စည်းပုံတစ်ရပ်ရေးဆွဲဖို့ သက်သက်ကိုပဲ ကြိုးစားနေမယ်ဆိုရင် အခြေအနေတွေတိုးတက်မှုရှိမှာမဟုတ်ပါဘူး"*

ညီလာခံက ချမှတ်ခဲ့တဲ့ လမ်းညွှန်ချက်တွေကို ညီလာခံတက်ရောက်တဲ့တိုင်းရင်းသားလူမျိုးစုတွေ ဘယ်လောက်အထိ ကျေကျေနပ်နပ်လက်ခံခဲ့တယ်ဆိုတာ ရှင်းရှင်းလင်းလင်းမသိရပါဘူး။ သျှမ်းဒီမိုကရက်တစ်ယူနီယံ အတွင်းရေးမှူး ဦးဝမ်းဆိုင်ကတော့ ဒီညီလာခံက ချမှတ်ခဲ့တဲ့လမ်းညွှန်ချက်တွေဟာ တပြည်ထောင်စနစ်ကိုဘဲ ဦးတည်သတ်မှတ်ခဲ့တာလို့ပြောပါတယ်။ *"ကျနော်တို့က KIO ကချင်အဖွဲ့ တင်ပြတာကိုထောက်ခံတယ်။ ကချင်အဖွဲ့ပြောတာက တပြည်ထောင်စနစ်ကို ဦးတည်နေတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဟာ ကျနော်တို့ရဲ့ကိုယ်ပိုင်ပြဌာန်းခွင့်နဲ့ဆိုရင် လုံးဝသွေဖည်နေတယ်။ နောက်တခုက ပြည်ထောင်စုစစ်စစ်မှုတစ်ခု သို့မဟုတ် ကျနော်တို့လိုချင်တဲ့ဖက်ဒရယ်စနစ်ကိုသွားနေတဲ့ မူမဟုတ်ဘူး။ မဖြစ်နိုင်ဘူး"*

Alt-ASEAN အဖွဲ့ကြီးက Debbie-Stothard ကတော့ မြန်မာစစ်အစိုးရအနေနဲ့ နိုင်ငံရေးအရစေ့စပ်ဆွေးနွေးမှုတွေကိုအလေးပေးဆောင်ရွက်ဖို့လိုတယ်လို့ အခုလိုပြောပါတယ်။

*"တကယ်လို့စစ်အစိုးရအနေနဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအသစ်တခုရေးဆွဲချင်တယ်ဆိုရင် တိုင်းရင်းသားအဖွဲ့အစည်းတွေအပါအဝင် စစ်မှန်တဲ့နိုင်ငံရေးအရစေ့စပ်ဆွေးနွေးမှုတွေလုပ်ဖို့လိုပါတယ်။ ဒီလိုမဟုတ်ရင်တော့ ကုလသမဂ္ဂ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် ပေါ်လိုဆာဂျီယိုပင်ညဲရိုး( Paulo Sergio Pinheiro) ပြောခဲ့ဖူးသလို ဒီဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေက ကမ္ဘာပေါ်မှာ သုံးလို့ရမှာမဟုတ်ဘူး။ လပေါ်မှာလည်းသုံးလို့ရမှာမဟုတ်ဘူး။"*

မြန်မာနိုင်ငံရဲ့ ပြဿနာတွေကို အဖြေရှာတဲ့အခါမှာ စစ်အစိုးရအနေနဲ့ လူဖမ်းပွဲကျင်းပနေရုံလောက်နဲ့တော့ ကျေလည် မှာမဟုတ်ဘူးလို့လည်း သူကဖြည့်စွက်ပြောဆိုသွားပါသည်။ ❑

**VOA 3/9/07**



# နအဖ နဲ့တရုတ် ဇွတ်လုပ်လို့မရ



(ပြည်သူတွေဆန္ဒပြမှုနဲ့စပ်လျဉ်းပြီး) ဗြိတိသျှဝန်ကြီးချုပ်ကိုယ်တိုင်ဂရုစိုက်ပြောလာပြီဆိုတော့ ကောင်းတဲ့အချက်ဖြစ်ပါတယ်။ ဒါပေမဲ့ ချက်ချင်းကြီးအပြောင်းအလဲဖြစ်လာနိုင်မှာမဟုတ်ဘူး။ ဗြိတိန်က ဥရောပသမဂ္ဂ EU ထဲမှာပါဝင်တော့ ဥရောပသမဂ္ဂအနေနဲ့ မြန်မာနိုင်ငံအပေါ် ဖိအားပေးလာရင်ဘုံဆုံးဖြတ်ချက်အပေါ် မှာမူတည်ပါတယ်။ နောက်နှစ် ဧပြီလမှဖြစ်နိုင်မဲ့ အခြေအနေရှိပါတယ်။ ဒါပေမဲ့ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ ဆွေးနွေးသင့်တယ်ဆိုတာကတော့ထူးပါတယ်။ အရင်တုန်းက လုံခြုံရေးကောင်စီမှာ ဗီတိုအာဏာသုံးသွားတဲ့ တရုတ်နဲ့ရုရှား နှစ်နိုင်ငံက ပြန်စဉ်းစားဖို့လိုတော့မယ်။ ဒီကိစ္စထပ်ပေါ်လာရင် သူတို့ဗီတိုကိုင်မှာလား၊ သို့မဟုတ် မြန်မာပြည် အပြောင်းအလဲဖြစ်လာအောင်သူတို့ဘာလုပ်မလဲဆိုတဲ့ဟာက ကောင်းတဲ့အချက်ဖြစ်ပါတယ်။ မြန်မာပြည်ဆိုးတဲ့အခြေ အနေဖြစ်လာတော့ရင်လုံခြုံရေးကောင်စီက အနည်းဆုံးဆွေးနွေးမယ်လို့ယုံကြည်ပါတယ်။

လုံခြုံရေးကောင်စီကဆွေးနွေးရင် အပြောင်းအလဲဖြစ်လာမှာတော့မဟုတ်ဘူး။ ဒါပေမဲ့ အခြေအနေပိုဆိုးလာ တယ်ဆိုတဲ့ဟာကိုတကမ္ဘာလုံးသိမယ်မြင်မယ်။ နအဖ အနေနဲ့အမျိုးသားညီလာခံ လုပ်တာဟာ သူကလူများစုလက်ခံစေချင်တဲ့ စိတ်ရှိတဲ့အချိန်မှာ လုံခြုံရေးကောင်စီဒီလိုမျိုးလုပ်ရင် သူပြန်စဉ်းစားရမှာ ဖြစ်ပါတယ်။ သူလုပ်ကိုင်နေတဲ့ပုံစံကမမှန်ဘူး။ တကမ္ဘာလုံးသူ့ကို လက်ခံလာစေချင်ရင် သူပြောင်းရမယ်ဆိုတဲ့အဓိပ္ပါယ်ပေါက်သွားပါတယ်။ တရုတ်လဲဒီလိုပဲနောက်နှစ်ကျရင်အိုလံပစ်လုပ်မယ်ဆိုတော့ သူကဗီတိုသုံးရင် သူ့အတွက် နိုင်ငံရေးအရမကောင်းဘူး။ တကမ္ဘာလုံးက သူ့ကိုဂရုစိုက်လာမယ်၊ အဲဒါကိုလဲ သူစဉ်းစားရမှာဖြစ်ပါတယ်။

**ဥရောပ မြန်မာ့ရေးရာရုံး EBO တာဝန်ခံ**
**စဝ်ဟန်ယောင်ဟွေ့**
BBC 4/9/2007

# ပြည်သူဆန္ဒပြတာကို သျှမ်းအစည်းအရုံးထောက်ခံ



**သျှမ်းဒီမိုကရက်တစ်အစည်းအရုံး SDU အတွင်းရေးမှူး စိုင်းဝမ်းဆိုင်**

မြန်မာနိုင်ငံမှာ ကုန်ဈေးနှုန်းကြီးမြင့်မှုကြောင့် ပြည်သူတွေ ဆန္ဒပြကြတာကိုအပြည့်အဝထောက်ခံကြောင်း SDU ခေါ် သျှမ်းဒီမိုကရက်တစ်အစည်းအရုံးက စက်တင်ဘာ ၄ ရက် ရက်စွဲနဲ့ ကြေငြာချက်တစ်စောင်ထုတ်ပြန်ကြောင်း သျှမ်းသတင်းစဉ်မှာ ဖေါ် ပြထားပါတယ်။

"အခုလိုလောင်စာဆီဈေးအဆမတန်မြင့်တက်မှုကို ၁၉၇၄ ခုနှစ် မဆလခေတ်က ငွေစက္ကူတွေဖျက်သိမ်းတဲ့အခြေအနေနဲ့ နှိုင်းယှဉ်နိုင်ကြောင်း ပြည်သူတွေအနှစ်နှစ်အလလ စုဆောင်းထားတဲ့ငွေတွေချက်ချင်းတန်ဖိုးမဲ့ဖြစ်ခဲ့ရလို့ နိုင်ငံအနှံ့ဂဇအရေးတော်ပုန်ကြီးပေါ် ပေါက်ခဲ့ရကြောင်း" စသဖြင့်ဖေါ် ပြထားပါတယ်။

"စစ်အစိုးရဟာ သူတို့စီမံခန့်ခွဲ ကြိုးကိုင်ရေးဆွဲဖို့ ၁၄ နှစ်ကြာပြီးစီးအောင် အချိန်ယူလုပ်ဆောင်ခဲ့ပြီး လူထုသဘောထား ဆန္ဒကို မရရတဲ့နည်းနဲ့ အုပ်ချုပ်ဖို့ကြံစည်တယ်" လို့လဲဘဲ ဆက်လက် ဖေါ် ပြထားပါတယ်။

"စစ်အစိုးရအုပ်ချုပ်ရေးကို ကြံ့ကြံ့ခံတော်လှန်နေတဲ့ သျှမ်းပြည်တိုင်းရင်းသားတွေဟာကာယဉာဏစွန့်စားအနစ်နာခံမှုတွေနဲ့ပေးဆပ်ခဲ့ရပါတယ်။ ဒါပေမဲ့ ရလာတဲ့ ရလဒ်ကတော့ စစ်အစိုးရက ပြည်သူကိုအစုလိုက်အပြုံလိုက် သတ်ဖြတ်၊ မုဒိမ်းကို လက်နက်သဖွယ်ကျင့်သုံးတာတွေ၊ ထမင်းအိုးခွဲခံရမှုတွေ၊ နေရာပြောင်းရွှေ့ခံရမှုနဲ့ ဒုက္ခသည် တွေအဖြစ် အိမ်နီးချင်းနိုင်ငံတွေမှာရောက်ရှိခဲ့ရတာတွေနဲ့ ကြုံတွေ့နေရတယ်"လို့ သျှမ်းဒီမိုကရက်တစ်အစည်းအရုံး SDU ရဲ့ကြေငြာချက်မှာ ဖေါ် ပြထားပါတယ်။

**ဦးဘအောင်**
RFA (Sept 5, 2007)

# မပေါ်သေးသော နအဖ

## ဥပဒေမူကြမ်းရေးဆွဲရေးကော်မရှင်သို့ တင်ပြချက်

စစ်အုပ်ချုပ်ရေးအဖွဲ့က ၎င်းတို့၏ညောင်နှစ်ပင် ညီလာခံ၌ ပြောင်းလဲမှုလုပ်နိုင်သည်ဆိုသည့်ကိစ္စနှင့်ပတ်သက်၍ အနည်းငယ် တင်ပြအပ်ပါသည်။

(၁) ကိုလိုနီခေတ် ၁၉၂၀ –၁၉၄၈ ခုနှစ်အထိ ဗမာလူမျိုး အဖွဲ့အစည်းများစွာက ၎င်းတို့၏ဆောင်ပုဒ်များ၌ *"သခင်မျိုးဟေ့ တို့ဗမာ၊ ဗမာအမျိုး၊ ဗမာ့ဘာသာစကား၊ ဗမာ့ဘာသာကို ကိုးကွယ်ပါ"* ဖြင့်အောင်မြင်စွာစည်းရုံးနိုင်ခဲ့သည်။ ဖဆပလ အနေဖြင့်ခြွင်းချန် တိုင်းရင်းသားဒေသများမပါလည်း လွတ်လပ်ရေးယူမည်ဆိုသည့် ပေါ်လစီရှိနေခဲ့၏။ ဗမာခေါင်းဆောင်များက ဗမာလူမျိုး တစ်မျိုးတည်း အတွက်လုပ်ဆောင်ခြင်းကို အပြစ်မဆိုသာပါ။

(၂) နောက်ပိုင်း ဖဆပလ ကပင် တိုင်းရင်းသားများပါ လွတ်လပ်ရေးတပြိုင်တည်းပူးတွဲယူရန် ပြည်ထောင်စုဖွဲ့ရန်ဆော်သြလာပါသည်။ ၁၉၄၆ ရွှေတိဂုံ ဖဆပလ ညီလာခံမှစ၍ ဗိုလ်ချုပ်အောင်ဆန်းက တိုင်းရင်းသားများမပါသောလွတ်လပ်ရေးသည် အဓိပ္ပါယ်မရှိဟု တိတိလင်းလင်းဆိုလာပါသည်။ ဗမာခေါင်းဆောင်များအဖို့ဗမာတစ်မျိုးတည်းအတွက်သာ စဉ်းစားသောအလေ့အကျင့်ဖြစ်နေ၍ ၁၉၄၇ အခြေခံဥပဒေသည် တိုင်းရင်းသားများ၏အခွင့်အရေးမပေးလိုသော ဥပဒေကိုရေးဆွဲခဲ့လေပြီ။

(၃) ဗမာခေါင်းဆောင်များသည် တဖြည်းဖြည်းမျိုးချစ်စိတ်ပြင်းထန်လာ၍ ဌာနစုံအုပ်ချုပ်ရေးလွှဲယူသော (ဒိုမီနီယံ)စနစ်ကိုလက်မခံနိုင်ဘဲရှိခဲ့သည်။ မာနနည်းနည်းလျှော့၍ အိန္ဒိယကဲ့သို့ ဒိုမီနီယံစနစ်လက်ခံခဲ့လျှင် ယခုကဲ့သို့ကိုယ်ရောစိတ်ပါ အောက်တန်းမကျတာမျိုး ဖြစ်လေမလားလို့တွေးမိပါသည်။

(၄) ဖဆပလသည် လွတ်လပ်ရေးမရမီက ဗမာတစ်မျိုးတည်း အတွက်သာ စီစဉ်ဆောင်ရွက်နိုင်ခဲ့သည်။လွတ်လပ်ရေးရပြီးပြည်ထောင်စု ဖွဲ့လာတော့လည်း ဖဆပလ၏ ဗမာတစ်မျိုးတည်းအတွက် ဆောင်ပုဒ်ကော၊ ပေါ်လစီပါရှိလည်းမရှိ၊ ပြောင်းလဲခြင်းလည်းမပြုဘဲ နေခဲ့လေသည်။ တိုင်းရင်းသားများအဖို့ ဒုတိယ အဆင့်မျိုးတွင်သာနေခဲ့ရသည်။ **"သခင်မျိုးဟေ့ ဒို့ဗမာ"** ဟုအော်နေကြပြီးအင်္ဂလိပ်အပေါ်သခင်မလုပ်ရ၍ တိုင်းရင်းသားများအပေါ် ၌သာ သခင်ဆက် ဖြစ်ချင်နေပြီလော။

(၅) တိုင်းရင်းသားများအား ဗမာနှင့်အတူ ပြည်ထောင်စုဖွဲ့ရန် ဗမာခေါင်းဆောင်များဖိတ်ခေါ်ခဲ့ပြီး မယုံကြည်မှုများ၊ အခက်အခဲများ စွာကျော်လွှားပြီး ပြည်ထောင်စုဖွဲ့ဖို့ သဘောတူခဲ့ကြလေပြီ။ တိုင်းရင်းသားများ ပြည်ထောင်စုစနစ်ကို လက်ခံယုံကြည်လာပြီ။ ပြည်ထောင်စုဘက်တော်သားများဖြစ်လာကြပြီ။ သို့သော် ယနေ့တိုင်ဗမာခေါင်းဆောင်များတဦးတလေမျှ ပြည်ထောင်စုစနစ်ကို (ရုပ်ကောနာမ်ပါ) ယုံကြည်သော၊ ကာကွယ်သောသူမရှိခြင်းက ပြဿနာဖြစ်နေပါ သည်။

ဗမာခေါင်းဆောင်များ၏ နှလုံးအိမ်၌ ဗမာလူမျိုးတစ်မျိုးတည်း အတွက်သာနေရာရှိပြီး စိတ်နှလုံးသားထဲ၌ အခြားတိုင်းရင်းသားများအား မထားနိုင်ခြင်းက ပြဿနာဖြစ်နေပါသည်။ ဗမာခေါင်းဆောင်များဘက်က ရင့်ကျက်မှုအားနည်းခဲ့သည်။ မိမိကိုယ်မိမိ လေးစားသည့်စိတ်အားနည်းခဲ့သည်။ တိုင်းရင်းသားများက (ပြည်ထောင်စုကောင်းစားရေးလုပ်ကြရအောင်)ဟု ပြောသည်ကိုပင် အပြစ်ဖြစ်နေပြီ။ ပြည်ထောင်စုဖွဲ့ဖို့ပေးထားသော ကတိများကို မေ့ချင်ဟန်ဆောင်ပြီး၊ ပြည်ထောင်စု၏နာမ်ပိုင်းဆိုင်ရာအခွင့်အရေးများမပေးလိုခြင်းက ပြဿနာဖြစ်ပါသည်။ ကိုယ့်ဘက်က လူမျိုးရေးကျဉ်းမြောင်းစိတ်စွဲကိုင်ထားပြီး ပြည်ထောင်စုဖွဲ့လိုသည့်တိုင်းရင်းသားများအားလူမျိုးရေးကျဉ်းမြောင်းသည့်စိတ်ရှိနေသည်ဟု စွပ်စွဲကြသည်က ပြဿနာဖြစ်ပါသည်။တိုင်းရင်းသားများ ဗမာအကကိုပဲ ကရမည် ဗမာသီချင်းကိုဘဲ ဆိုရမည်၊ ဗမာစကားကိုဘဲပြောရမည်၊ ဗမာဗုဒ္ဓဘာသာဝင်ဘဲဖြစ် ဆိုတာများသည် အမြင်ကျဉ်းပြီး ကလေးဆန်နေပါသည်။ တိုင်းရင်းသားများက သူ့အကနှင့်သူကနေခြင်း သူ့သီချင်းနှင့်သူဆိုနေခြင်းသူ့ယုံကြည်ရာဝတ်ပြုနေခြင်းသည် ပြည်ထောင်စု ခွဲထွက်ဖို့မဟုတ်ပါ။ ဗမာခေါင်းဆောင်များ၏ နှလုံးအိမ် နည်းနည်းပိုကြီးရင်ကောင်းပါမည်။ ဗမာလူထုသည် စိတ်ရင်းကောင်းပြီး မျှတမှုရှိသည်။ ဗမာ့နိုင်ငံရေးခေါင်းဆောင်များ ဗမာ့လူမျိုးရေးခေါင်းဆောင်များ၊ ဗမာ့ဘာသာရေးခေါင်းဆောင်များ (သူ့ယဉ်ကျေးမှုနှင့်သူပျော်ရွှင်ခွင့်ရှိသည်) ဆိုသည့်အခြေခံအခွင့်အရေးပေးဖို့ ဝန်မလေးရန်သာလိုပါသည်။

(၆) ဦးနုခေတ် ၁၉၄၈–၁၉၆၁ တွင်ခေါင်းဆောင်မပီသသော ကိုယ့်စီးပွားကိုရှေ့တန်းတင်သော နိုင်ငံရေးသမားရှိခဲ့ပြီ၊ အမှန်မှာ ၁၉၅၈ တွင်ဦးနေဝင်းအာဏာသိမ်းသည်။ ဦးနုအာဏာသိမ်းသည့်ပုံမပေါ်





အောင်ဆောင်ရွက်ခြင်းသာဖြစ်ပါသည်။ ၁၉၆၂ ကျတော့ ၅၈ အာဏာသိမ်းသည့်အစီအစဉ်အတိုင်း *"ငါတို့အတွက် ငါတို့တပ်မတော်အတွက်လုပ်ရမည်"*ဆိုသည့်ပေါ်လစီနှင့်အာဏာသိမ်းခဲ့တာဖြစ်သည်။ နိုင်ငံရေးခေတ်က ကိုယ်ကျိုးရှေ့တန်းတင်ပြီးဖေါက်ပြန်သူကို ဖေါ်ထုတ်အရေးယူနိုင်ပါသည်။ တပ်မတော်တရပ်လုံးက ကိုယ်ကျိုးစီးပွားရှေ့တန်းတင်ပြီးဖေါက်ပြန်လာတော့ အရေးယူဖို့ခက်နေပြီဖြစ်သည်။ အရေးယူနိုင်သော်လည်း တပ်မတော်၏ဂုဏ်သိက္ခာသည် ကိုယ်ပိုင်ကြေးစားတပ်လိုလို အနိမ့်ဆုံးအဆင့်သို့ရောက်သွားပြီး လူထုအမုန်းဆုံးအဖွဲ့အစည်း ဖြစ်လာသည်။ ဦးနေဝင်းအာဏာသိမ်းစဉ်က တိုင်းရင်းသားများ (အထူးသဖြင်းသျှမ်းများအား) ဟန်ပြတရားခံနေရာသို့တင်ခဲ့ပြီး(ပြည်ထောင်စုမပြိုကွဲရေး)ကို အကြောင်းပြခဲ့ပါသည်။ သို့သော်ပြည်ထောင်စုမဖြိုခွဲခဲ့သော ဦးနုနှင့်အတူပြည်ထောင်စုအခြေခံဥပဒေကိုပြည့်စွက်ပြင်ဆင်နေသည့်သျှမ်းခေါင်းဆောင်များအားဖမ်းသူဖမ်းသတ်သူသတ်ဖြစ်ခဲ့ပါသည်။ ဦးနေဝင်း၏ ဟန်ပြအကြောင်းရင်းကြောင့် တပ်မတော်က တိုင်းရင်းသားများအပေါ်အလွန်ရက်စက်ကြမ်းကြုတ်ခဲ့လေပြီ။

(၇) ဦးနေဝင်း၏အာဏာရှင်တပ်မတော်သည် တိုင်းပြည်၏အခွင့်အရေးခံစားမှုတွင် တပ်မတော်က ပထမ၊ မဆလ ယန္တရားဝန်ထမ်းက ဒုတိယ၊ ဗမာလူထုက တတိယ၊ တိုင်းရင်းသားက အအုပ်ချုပ်ခံဘဝတွင်သာထားပါသည်။ စစ်ဗိုလ်စစ်သားများကို (အရပ်သားများစည်းကမ်းသေသပ်မှုမရှိ၍ တပ်မတော်ကသာဦးစီးရမည်ဟု)ဦးဏှောက်ရိုက်သွင်းထား၏။ စစ်ဗိုလ်စစ်သားများသည် အမိန့်ကိုနာခံရမည်။ အမိန့်ကိုသာလေးစားရမည့်လူတန်းစားများဖြစ်လာ၏။အရပ်သားများသည် ရိုးရိုးစစ်သားများ၏အောက်အဆင့်တွင်သာ ရှိပါတော့သည်။ ဦးနေဝင်းလည်းကြိုက်သလိုကိုယ်ကျိုးရှာကြိုက်သလိုရိုင်းပြစော်ကားလာတော့သည်။ တပ်မတော်အရေးပါမှု မပျက်ပြားစေရန် တိုင်းရင်းသားများကြား၌သွေးခွဲခြင်း၊ တပည့်မွေးခြင်း၊ အချို့ကိုလက်နက်တပ်ဆင်ခြင်းများပြုလာတော့သည်။ မြန်မာနိုင်ငံ၏ စီးပွားရေးလည်း အဆင်းရဲဆုံးစာရင်းဝင်ခဲ့ရလေပြီ။

(၈) ၁၉၈၈ လူထုက အာဏာရှင်စနစ်မလိုလားနိုင်တော့၍ အုံကြွလာသည်။ တပ်မတော်က လူများစွာကိုသတ်၍ ဖိနှိပ်၏။ ဦးနေဝင်းနှင့်ဦးခင်ညွှန့်တို့၏လက်ချက် ဟုယူဆရပါသည်။ ဗိုလ်ချုပ်စောမောင်နှင့်အဖွဲ့က အာဏာသိမ်းပြန်သည်။ရွေးကောက်ပွဲလုပ်ပေးသည်။ စစ်တန်းလျားများသို့ပြန်မည်ဟု ကတိပေးသည်။ ဗိုလ်ချုပ်စောမောင်ဖယ်ရှားခြင်းခံရပြန်၏။ လူထုအပေါ်တင်းကြပ်ဖိနှိပ်သောပေါ်လစီကိုစွဲကိုင်လာပြန်သည်။ ဒါလည်း ဦးနေဝင်း ဦးခင်ညွန့်တို့၏လက်ချက်ဟုယူဆပါသည်။ စစ်ဗိုလ်စစ်သားများကြိုက်သလို ရိုင်းပျခဲ့ပြီ။ ထိုရိုင်းပျမှုအားလုံးကို လူထုက ကျေကျေနပ်နပ်ဖြင့် (စစ်တပ်အုပ်ချုပ်ရေးနှင့် ရိုင်းပျရေး) တောင်းဆိုဖို့ အမျိုးသားညီလာခံဆိုတာရှိလာသည်။ ဒါလည်း ဦးနေဝင်း၊ ဦးခင်ညွန့်တို့၏လက်ချက် ဟုယူဆပါသည်။ ဦးနေဝင်း၏ကောက်ကျစ်သော တကိုယ်ကောင်း စစ်အာဏာရှင်ဝါဒကြောင့်မြန်မာနိုင်ငံသည် အဆင်းရဲဆုံးနိုင်ငံဖြစ်ခဲ့ပြီး ဦးနေဝင်းကြောင့် တပ်မတော်သည် သိက္ခာအနိမ့်ဆုံး၊လူအမုန်းဆုံးဖြစ်ခဲ့ရပြီ။ စစ်တပ်ကတော့ လူထုကို ချစ်ဖို့မလို၊ တိုင်းရင်းသားများအားလည်း အချင်းချင်းရန်ဖြစ်အောင် သွေးခွဲသည်။ သို့သော်လူထုရော တိုင်းရင်းသားများပါ တပ်မတော်ကို ချစ်ရမည် ဆိုသည့်အတွေးမှာ သဘာဝမကျ။ သွေးရူးသွေးတန်းစဉ်းစားခြင်းသာဖြစ်သည်။ မြန်မာ့တပ်မတော်၏ဂုဏ်ကို ဆည်နိုင်သော ဗမာ့တပ်မတော်သားများမရှိနိုင်ကြတော့ပြီလော၊ ယခုဦးနေဝင်းလည်းမရှိ၊ ဦးခင်ညွန့်လည်းမရှိပြီ။ အဘယ်ကြောင့်သူတို့၏ ကျဆုံးနေပြီးဖြစ်သောမူဝါဒ လမ်းစဉ်များကို မပယ်နိုင်၊ မပယ်ရဲရမည်နည်း။



(၉) စစ်ဗိုလ်စစ်သားများသည် ကိုယ်ကျိုးရှာမှုများစွာ၊ ရာဇဝတ်မှုများစွာ၊ လူသတ်မှုများစွာနှင့် မုဒိမ်းမှုများစွာကျူးလွန်ခဲ့ပြီ။ ကျူးလွန်ဆဲဖြစ်သည်။ လူထုအပေါ် ဆက်လက်အနိုင်ကျင့်သောဝါဒကိုလူထုကလက်မခံ၊ ကမ္ဘာကလည်း လက်မခံဖြစ်လာပြီ။ စစ်ခေါင်းဆောင်များဆက်လက်မိုက်မဲမနေတော့ဘဲထွက်ပေါက်ရှာရန် လိုအပ်ပြီဖြစ်သည်။ သုံးပွင့်ဆိုင်တွေ့ဆုံပြီး သင်ပုန်းချေကြရမည်။ တပ်မတော်သားများ စစ်တန်းလျားပြန်၍ လိုင်းမပူးဘဲ နိုင်ငံတော်လုံခြုံရေးကိုသာ စစ်သား၏ပဓါနကျသော တာဝန်အဖြစ်ခံယူရပေတော့မည်။ နိုင်ငံရေးဆောင်ရွက်လိုပါက ဗိုလ်ချုပ်အောင်ဆန်းလို၊ အရပ်ဝတ်ဖြင့်သာဆောင်ရွက် ခွင့်ရှိပါသည်။ လူထု၏ဆုံးဖြတ်မှုကိုခံယူသင့်ပါသည်။ မြန်မာ့နိုင်ငံရေးဖြစ်စဉ်များ တပ်မတော်ကြောင့် ရပ်တန့်နေသည်မှာကြာခဲ့ပါပြီ။ တပ်မတော်က တရားခံပါ။ ဦးနေဝင်းက တရားခံပါ။ လူထုတိုးတက်မှုမဆိုထားနှင့် လူထုကို ဆင်းရဲတွင်းနက်အောင်ပြုနေသည့် စစ်အုပ်ချုပ်ရေးကို ဖယ်ရှားသင့်ပါပြီ။ အုပ်ချုပ်ရေးဆိုသည်မှာ လူထု၏စားဝတ်နေရေး နှင့်လုံခြုံရေးက အဓိကဖြစ်ရပါသည်။ နိုင်ငံအတွင်းသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဝင်လာရပါမည်။ ဈေးအကြီးဆုံးပေးသောဈေးကွက်ကို တရုတ်နိုင်ငံကဲ့သို့ လက်မလွှတ်သင့်ပေ။ အကောင်းဆုံးပေးသော ဈေးကွက်ပိုင်ရှင်နှင့်ရန်မဖြစ်သင့်တော့ပေ။

(၁၀) ဦးနေဝင်းခေတ်မှစ၍ ဆုတ်ယုတ်မှုအားလုံးကို တိုင်းရင်းသားများအပေါ်အပြစ်ပုံချလာတော့သည်။ တိုင်းရင်းသားများကိုသာ တရားခံရှာတော့သည်။ အပြစ်ရှိတိုင်းရင်းသားများအဖြစ် မြင်လာစေပြီး ဒုတိယတန်းစားနိုင်ငံသားများအဖြစ်သာ တွန်းပို့ဆက်ဆံခံ လာတော့သည်။ မှားနေသည်ကို စစ်ဗိုလ်၊ စစ်သားများ ဖြစ်နေသိပါလျက်ဦးနေဝင်းနှင့် ဦးခင်ညွန့်တို့လည်းမရှိကြတော့ပါဘဲနှင့် မည်သည့်

အတွက်ကြောင့်မှားနေသည့် ပေါ်လစီကို ဆက်လုပ်နေရဦး မည်နည်း၊ သျှမ်းလူမျိုးများ ဗမာ့တပ်မတော်အပေါ်အစစအရာရာ တာဝန်ကျေပွန်ခဲ့သည်။စစ်ပွဲတိုင်း၌ယနေ့တိုင်မြို့နယ်တိုင်း၌သျှမ်းလူမျိုးများစစ်မှုထမ်းရောက်ရှိနေကြပါသည်။ ဝန်းသိုစော်ဘွား ဦးအောင်မြတ်က အင်္ဂလိပ်ကိုဆန့်ကျင်တော်လှန်ရာ၌ ပါဝင်ခဲ့သည်။ ဦးနုနှင့်အတူ ပိုမိုသင့်တော်သော ပြည်ထောင်စုဖြစ်ဖို့ဆောင်ရွက်ခဲ့ပြီ။ ဦးနေဝင်း၏ မနာလိုမှုနှင့်မှားယွင်းသောအပြိုးအတေးကြောင့် ယနေ့အထိသျှမ်းလူမျိုး၊သျှမ်းပြည်ဖျက်ဆီးနေခြင်းကို ရပ်တန့်ဖို့အချိန်တန်ပြီ။သျှမ်းပြည်တစ်ခုတည်းကိုလူမျိုးစုငယ်များအား ထပ်မံခွဲပေးနေခြင်းသည် ရေရှည်တွင်အကောင်းထက်အဆိုးကိုသာဖြစ်စေပါသည်။ သွေးခွဲလိုမှုကို အခြေခံထားခြင်းသာဖြစ်၍ သျှမ်းပြည်ကိုမခွဲသင့်ကြောင်း ပြန်လည်စဉ်းစားပေးပါရန်တောင်းဆိုလိုပါသည်။ သျှမ်းပြည်၌ လူမျိုးများစွာစုပေါင်းနေထိုင်ကြပြီးလူမျိုးစုတစ်မျိုးများစွာနေထိုင်သောနယ်ပယ်၌ ယင်းလူမျိုးစုက ဦးဆောင်နိုင်ပါသည်။ မဲပေး၍ ရွေးချယ်နိုင်ပါလျက် ပြဿနာပွားစေသော၊ သွေးခွဲမှုဖြစ်စေသော နယ်မြေခွဲဝေမှု၊ ဒေသခွဲဝေမှုများ မပြုသင့်ပေ။ ပြည်ထောင်စု ဖွဲ့စည်းမှုကို ဦးစားပေးပြီး သျှမ်းပဒေသရာဇ် အုပ်ချုပ်ရေးအပျောက်ခံခဲ့သော(စစ်ကိုင်းတိုင်း၊ ကချင်ပြည်နယ်) မှသျှမ်းတို့၏ ဖြစ်စဉ်ကိုလည်းကောင်း၊ သျှမ်းပြည်ဖြစ်တည်မှု၌ သျှမ်းတို့၏သွေး၊ ချွေးတို့ဖြင့်တည်ဆောက်ခဲ့မှုကို လည်းကောင်း၊ သျှမ်းပြည်၏တာဝန်များကိုသွေးချွေးများစွာဖြင့်၊ တာဝန်ကျေပေးဆပ်ခဲ့ရမှုအတွက် လည်းကောင်း၊ ကျယ်ကျယ်ပြန့်ပြန့်စဉ်းစားပေးသင့်ပါသည်။ ဦးနေဝင်းကဲ့သို့ မှားယွင်းသောအပြိုးအတေးကို ရှေ့တန်းတင်ရမည့်အချိန်မဟုတ်တော့ပေ။ တိုင်းရင်းသားများအပေါ်သွေးခွဲပြီးအုပ်ချုပ်သည့်ပုံစံမျိုး မဖော်ဆောင်သင့်တော့ပေ။ သျှမ်းပြည်ကိုထပ်မံခွဲစိပ်မှု ရပ်တန့်ပေးပါရန်။

(၁၁) ပြည်ထောင်စု၏ ရုပ်ပိုင်းဆိုင်ရာရော နာမ်(အနှစ်သာရ) ပိုင်းဆိုင်ရာပါပြည့်စုံသောပြည်ထောင်စုဖြစ်စေရန် ဖဆပလက ဦးဆောင်ပြီး ကတိဝတ်ပြုခဲ့ပြီ။ တိုင်းရင်းသားများ ပြည်ထောင်စုစနစ်ကိုလက်ခံလာကြပြီ။ ကုလသမဂ္ဂ၌လည်း **“ပြည်ထောင်စုမြန်မာနိုင်ငံ”** ဟူ၍ကမ္ဘည်းထိုးပြီး ဆိုင်းဘုတ်ချိတ်ထားဆဲဖြစ်ပါသည်။သို့သော်မြန်မာနိုင်ငံအတွင်း **“ပြည်ထောင်စု”** ဝေါဟာရစကားလုံးများအား ( မီးရထား၊ ဘဏ်၊ လေကြောင်း၊ အစိုးရဌာန ) ဌာနဆိုင်ရာများ၌ ဦးနေဝင်းခေတ်က ဖယ်ရှားခဲ့သည်။ ဖဆပလ ကတိပြုခဲ့သောမှုကို တိုင်းရင်းသားများ လက်ခံလာကြပြီးခါမှ ဦးနေဝင်း၏စစ်အုပ်ချုပ်ရေးက လက်မခံခြင်းသည် ပြဿနာဖြစ်သည်။ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတနိုင်ငံဟူ၍နာမည်အားဖြင့်ဆက်သုံးသော်လည်း ကုလသမဂ္ဂတွင်လှည့်ဖြားရန်သက်သက်သာဖြစ်နေသည်။ ယခုမူ နိုင်ငံရေးခေါင်းဆောင်များသည်၊ ပြည်ထောင်စုကိစ္စ၊ တိုင်းရင်းသားများလိုလားသော တန်းတူသည့် ပြည်ထောင်စုမျိုးကိုပိုမိုသဘောပေါက်နားလည်လာကြပြီဖြစ်သည်။ ဦးနေဝင်းနှင့်ဦးခင်ညွန့်တို့၏ တန်းတူခွင့်မရှိသောပြည်ထောင်စုမျိုး လက်တွေ့မဆန်ကြောင်း၊ ဗမာလူထု၊ ဒေါ်အောင်ဆန်းစုကြည်၊ တိုင်းရင်းသားခေါင်းဆောင်များ၊ ပြည်ပရောက် ဗမာခေါင်းဆောင်များ၊ ဗမာလူထုတို့လည်းမြင်လာကြပြီဖြစ်၍ ယခု နအဖ စစ်ခေါင်းဆောင်များသည် ဦးနေဝင်း၏မှားယွင်းသောလမ်းညွှန်ချက်၊ အမိန့်တို့ကိုဖယ်ရှားပြီး ဗမာရော တိုင်းရင်းသားများပါပျော်ရွှင်ခွင့်ရှိနိုင်သည့် ပြည်ထောင်စုမျိုး အားပေးဖော်ဆောင်ချိန်တန်ပါပြီ။ ဗမာ့တပ်မတော်သည် ဦးနေဝင်း၏တပ်မတော်မဟုတ်၊ ဦးသန်းရွှေ၏ ဗမာ့တပ်မတော်မဟုတ်၊ ဗမာ့တပ်မတော်သည်ပြည်ထောင်စု၏ တပ်မတော်၊ လူထု၏တပ်မတော်၊လူထုကို တာဝန်ခံသော တပ်မတော်ဖြစ်သည်။

(၁၂) ဗမာ့နိုင်ငံရေးဖြစ်စဉ်၌ (ဗမာလူမျိုးနှင့် ဗမာ့တိုင်းပြည်)သည်တစ်ခုတည်းဖြစ်ခဲ့သည်။ ထို့ကြောင့် ဗမာ့အတွေးအခေါ်သည်ဗမာလူမျိုးတစ်မျိုးတည်းကိုသာ အခြေခံနေသည်။ (၁၉၄၈) မှစ၍တိုင်းရင်းသားပေါင်းစုံ နေထိုင်လာကြသောအခါ နိုင်ငံ (ပြည်ထောင်စု)ကိုသာအခြေခံသော တွေးခေါ်မှုမျိုးသို့ပြောင်းလဲရမည့်အစား (အများအပေါ် ၌လူမျိုးအရကြီးစိုးလိုသောဝါဒ သခင်မျိုးဟေ့ ဒို့ဗမာ) လူမျိုးကြီးက ချုပ်ချယ်သောဝါဒသာ လွှမ်းမိုးနေခဲ့သည်။ ယခု ၂၁ ရာစုခေတ်၌လူမျိုးရေးဝါဒ၊ လူမျိုးကြီးဝါဒတို့သည် မျက်နှာပန်းလှသော ဝါဒမဟုတ်တော့။ ထို့ကြောင့် (သခင်မျိုးဟေ့ ဒို့ဗမာ ဆောင်ပုဒ်ကို နိုင်ငံတော်ပေါ်လစီ၌ မထားသင့်တော့) သူတပါး၏အကျိုးကိုလည်းလိုလား ရင့်ကျက်သည့်နိုင်ငံချစ်စိတ် (Patriotism) မျိုး ပြင်ဆင်မွေးမြူရပေတော့မည်။ ထို့ကြောင့် ဗမာခေါင်းဆောင်များ အောက်ဖော်ပြပါဆောင်ပုဒ်များကို(ပြည်ထောင်စုလူမျိုးများ၊ ပြည်ထောင်စုဘာသာစကားများ၊ ပြည်ထောင်စုဘာသာများ ကာကွယ်ရမည်ဟု) ပြောင်းလဲသင့်ပါပြီ။

(၁၃) ယခုရေးဆွဲမည့် မြန်မာနိုင်ငံ အခြေခံဥပဒေ၌(ပြည် ထောင်စုမြန်မာနိုင်ငံ၏ ပိုင်ရှင်များသည် ပြည်ထောင်စုတိုင်းရင်းသားများဖြစ်သည်) ဟုထည့်သွင်းသင့်ပါသည်။ စစ်ဗိုလ်စစ်သားများသည် ဦးနေဝင်း၏ မှားယွင်းမှုနမူနာကြောင့်သာ တိုင်းပြည်၏ပိုင်ရှင်လိုလိုဖြစ်နေခဲ့ပြီ။ အထက်ပါစာသားအရ တိုင်းရင်းသားအားလုံးဆိုရာ၌ ဗမာရော၊ စစ်တပ်ရောအားလုံးဟာအကျုံးဝင်ပြီးဖြစ်ပါသည်။

(၁၄) ၁၉၄၈ မှ ၂၀၀၇ အထိ ယနေ့တိုင် တိုင်းရင်းသားများသည် ပြည်ထောင်စု၏ပိုင်ရှင်များဟု အမြင်ခံရဖို့ဝေးစွ၊ ဗမာနိုင်ငံ၌ ကပ်နေရသည့် ဒုတိယတန်းစား နိုင်ငံသားများအနေဖြင့်သာ ဆက်ဆံခံရသည်ကများပါသည်။ ပြည်ထောင်စုနေ့ရောက်မှ တိုင်းရင်းသား ဝတ်စုံဖြစ်သလိုဝတ်ပြီး ကပြရုံသာဖြစ်ပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံ၏ပိုင်ရှင်များ ပြည်ထောင်စုနှင့်တိုက်ရိုက်ပတ်သက်နေကြောင်း၊ ပြည်ထောင်စုကို တာဝန်ခံကြောင်းပေါ်လွင်စေရန် ယခုရေးဆွဲသော အခြေခံဥပဒေ၌တိုင်းပြည်၏နာမည်ကို **“ပြည်ထောင်စုမြန်မာနိုင်ငံ”** ဟုရေးကြပေမည်။ အသံထွက်၌မူ ရခိုင်၏အသံထွက်မျိုး **“ ပြည်ထောင်စုမရန်မာနိုင်ငံ”**(Union of Mranmar) ဟုပြည်ဆင်ပေးပါရန် တင်ပြအပ်ပါသည်။ အသံထွက်ရာ၌ တိုင်းရင်းသားအသံ တစ်စိတ်တပိုင်းပါနေခြင်းဖြင့် စည်းရုံးရေးဖြစ်စေပြီး တန်းတူပါဝင်မှုကိုလည်းဖော်ဆောင်ရာကျပါမည်။

လေးစားစွာဖြင့်...

ရှင်ဩဒိန္န

**(ဤတင်ပြချက်သည်စာရေးသူ၏အမြင်သက်သက်ဖြစ်ပါသည်။ SHAN နှင့် ပတ်သက်မှုမရှိပါ။) အယ်ဒီတာ။**

# UWSA ဥက္ကဋ္ဌ၏ညီ ကွယ်လွန်

**UWSA** ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော်ခေါင်းဆောင်တစ်ဦးဖြစ်သူ ပေါင်းယိုဟွာသည် ဩဂုတ်စ် နှောင်းပိုင်းက ပန်ဆန်း၌ ကွယ်လွန်သွားပါသည်။

**UWSA** ဝပြည်သွေးစည်းညီညွတ်ရေးခေါင်းဆောင်များဖြစ်ကြသော ပေါင်းညီအကို လေးဦးအနက် ညီထွေးဖြစ်သူ ပေါင်းယိုဟွာ အသက် ၄၈ နှစ်သည်ဩဂုတ်စ် ၂၆ ရက်ကပန်ဆန်းမြို့နယ် မိုင်းပေါက်၌ သွေးတိုးရောဂါဖြင့်ကွယ်လွန်ခဲ့ပါသည်။ ကွင်းကျန်သော ရုပ်အလောင်းအား ၎င်း၏မွေးရပ်ဇာတိဖြစ်သော ပန်ဆန်းမြို့မြောက်ဘက် ပန်ဝိုင်မြို့နယ် တရုပ်နယ်စပ်အနီး ခွန်းမာရွာတွင်ပြောင်းရွှေ့ထားပြီး လာမည့် စက်တင်ဘာလ ၁ ရက်၌သင်္ဂြိုဟ်မည်ဟု ဆိုပါသည်။

*"ပေါင်းယိုဟွာဆုံးသွားလို့ ဝတပ်ဖွဲ့ရဲ့လုပ်ငန်းဆောင်တာ ဘယ်လောက်မှ ထိခိုက်ယုတ်လျော့သွားစရာအကြောင်းမရှိပေမဲ့ သူ့ ဈာပနအခမ်းအနားမှာ အပစ်ရပ်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ကိုယ်စားလှယ်တွေ တွေ့ဆုံနိုင်ဖို့အလားအလာကောင်းတစ်ရပ် ဖြစ်တယ်"* ဟု နယ်စပ်လုံခြုံရေးထိုင်းအရာရှိတစ်ဦးက သုံးသပ်ပါသည်။

*"သူက ဘက်စုံအပျော်ကြူးလိုက်စားတယ်ဆိုတော့ သူဘာရောဂါနဲ့ဆုံးတယ်ဆိုတာအတိအကျမသိရဘူး။တချို့ကသွေးတိုးရောဂါနဲ့ဆုံးတယ်လို့ပြောတယ်"* ဟု ပန်ဆန်းဒေသခံတစ်ဦးက ပြောသည်။

ညောင်နှစ်ပင်ညီလာခံတက်ကိုယ်စားလှယ်နှင့်ရင်းနှီးကျွမ်းဝင်သူတစ်ဦးက *"အခု ကျင်းပဆဲညီလာခံက စက်တင်ဘာလ ၃ ရက်နေ့မှာအပြီးသတ်မယ်လို့ပြောတယ်။ ညီလာခံပြီးလို့ လူထုဆန္ဒခံယူပွဲမှာ နအဖ ဘက်ရပ်တည်ဖို့လူထုအင်အားလိုတဲ့အတွက်အပစ်ရပ်အဖွဲ့တွေကိုလက်နက်ဖြုတ်ဖို့ ညီလာခံကျင်းပစဉ်တလျှောက်မှာ စီစဉ်လာခဲ့တာ။ ပေါင်းယိုဟွာရဲ့ ဈာပနမှာ လက်နက်ဖြုတ်ဖို့ဖိအားအမျိုးမျိုးပေးခံနေရတဲ့အပစ်ရပ်အဖွဲ့တွေတွေ့ဆုံဆွေးနွေးဖို့ အခွင့်အလမ်းပေါ်လာတာပေါ့"* ဟုပြောကြားသည်။

ပေါင်းယိုဟွာသည် ပေါင်းညီအကို ၄ ဦး (ပေါင်းယိုယီး၊ ပေါင်းယိုချန်၊ ပေါင်းယိုလျဲန်၊ ပေါင်းယိုဟွာ) အနက် ညီထွေးဖြစ်၏။ **UWSA** ၏ ဗဟိုလုံခြုံရေးတပ်မှူးဖြစ်ခဲ့ဖူးသည်။ ၂၀၀၂ ခုနှစ်က သျှမ်းပြည်အရှေ့ပိုင်း ရွှေတြိဂံဒေသ ပါလျော၊ ကျိန်းလပ်ကို စစ်အင်အားရာနှင့်ချီအခြေချသိမ်းပိုက်ခဲ့ဖူးသည်။ သို့သော် ၂၀၀၃ ခုနှစ်တွင် ရွှေတြိဂံဒေသမှဝအဖွဲ့အားပြန်လည်တပ်ရုပ်ခိုင်းရန် တရုတ်အာဏာပိုင်များက နအဖ စစ်တပ်မှတဆင့်ဖိအားပေးစေခိုင်းလာသဖြင့် လောနယ်စပ်မဲခေါင်မြစ် သျှမ်းနယ်မြေကိုလက်လွှတ်ခဲ့ရသည်။ ဝခေါင်းဆောင် ပေါင်းယိုဟွာသည် တောင်ဖက်ဟိုတောင်း မိုင်းဖျဲန်ဒေသတွင် အုပ်ချုပ်စဉ် စိတ်ကြွဆေးပြားထုတ်စက်ရုံကို တည်ထောင်ခဲ့သည် ဟုနာမည်ထွက်ဖူးသူဖြစ်သည်။ ❑

# နအဖ နှင့်ရင်ကြားစေ့ရေး ထိုင်းတပ်မတော်ကြားဝင်စေ့စပ်မှု SSA ဥက္ကဋ္ဌ ကြိုဆို

ပြီးခဲ့သည့် ဩဂုတ်လနှောင်းပိုင်းက နအဖ စစ်ဌာနချုပ် ပျဉ်းမနားနေပြည်တော်သို့ သွားရောက်လည်ပတ်ခဲ့သူ ထိုင်းနိုင်ငံကြည်းတပ် စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဆွန်ထိဘွန်ရာရတ်ကလင်း အား ထိုင်းနယ်စပ်တလျှောက်ရှိ တိုင်းရင်းသားလက်နက်ကိုင်များ နိုင်ငံရေးစားပွဲဝိုင်း၌ စစ်အစိုးရနှင့်ဆွေးနွေးရေး ကြားဝင်ညှိနှိုင်းပေးရန် နအဖ ၏တောင်းဆိုမှုအပေါ် လက်ခံကြိုဆိုကြောင်း သျှမ်းပြည်တပ်မတော် **SSA** ဥက္ကဋ္ဌ ဗိုလ်မှူးကြီးယွက်စစ်က ပြောသည်။

*"**SSA** ဘက်ကလည်း တတ်နိုင်သမျှအကောင်းဆုံးဖြစ်အောင်လုပ်ခဲ့တာဘဲ။ မေလ ၂၃ ရက်ဆွေးနွေးမယ်ဆိုတုန်းက **SSA** ချိန်းဆိုတဲ့နေရာကို နအဖ ဘက်က မလိုက်လျောခဲ့လို့ ဆွေးနွေးပွဲမအောင်မြင်တာ"* ဟု ဗိုလ်မှူးကြီးယွက်စစ်က ပြောပါသည်။

ဩဂုတ်လ ၂၇ ၊ ၂၈ ရက်က ဗမာစစ်ခေါင်းဆောင်များနှင့် သွားရောက်တွေ့ဆုံကာ ထိုင်းသို့ပြန်လည်ရောက်ရှိပြီးနောက် ထိုင်းကြည်းတပ်စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဆွန်ထိဘွန်ရာရတ်ကလင်းသည် စစ်ပြေးဒုက္ခသည်များကိုကူညီရန် လက်နက်ကိုင်အဖွဲ့များအဖို့ နအဖ စစ်အစိုးရနှင့်ဆွေးနွေး ညှိနှိုင်းသည့် စားပွဲဝိုင်းသို့ အမြန်ဆုံးဝင်ရောက်သင့်ကြောင်း ထိုင်းမီဒီယာများအား အတည်ပြုပြောဆိုပါသည်။

**SSA** မှ နအဖ အစိုးရအနေနှင့် (၁) တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံးတပြိုင်တည်းခေါ်ယူဆွေးနွေးရန်၊ (၂)အပစ်အခတ်ရပ်စဲပြီးနောက် နိုင်ငံရေးဆွေးနွေးမှုများ ချက်ချင်းစတင်ရန်၊ (၃) ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် တိုင်းရင်းသားခေါင်းဆောင်များနှင့်ဆွေးနွေးရန်...ဟူ၍ အဆိုပြုခဲ့ပါသည်။ *"ကျနော်တို့ တောင်းဆိုတာကို အကျိုးအကြောင်း မညီညွတ်ဘူးဆိုတဲ့ တွေးထင်မှုမျိုး ဘယ်သူ့မှာမှမရှိဘူးလို့ကျနော်ထင်ပါတယ်"* ဟု ဗိုလ်မှူးကြီးယွက်စစ်က သျှမ်းသံတော်ဆင့်သို့ ပြောကြားသည်။

သျှမ်းပြည်တပ်မတော်သည် ၁၉၉၆ ကတည်းက နအဖ စစ်အစိုးရနှင့်စေ့စပ်ဆွေးနွေးရန် ကမ်းလှမ်းခဲ့ဖူးသည်။ သို့သော် နအဖ ၏ တုန့်ပြန်ချက်မှာ ဗိုလ်မှူးကြီးယွက်စစ်နှင့်အဖွဲ့သည် ၎င်းတို့နှင့်စေ့စပ်ဆွေးနွေးရန် အရည်အချင်းမပြည့်မီသဖြင့် လက်နက်ချအညံ့ခံရန်မှတပါးအခြားမရှိ ဟုဆိုခဲ့ပါသည်။ သို့သော် နအဖ ၏ ယခုကဲ့သို့ ပြောင်းလဲသွားသည့် ဝါဒအပေါ်များစွာအံ့ဩဖွယ်ဖြစ်နေကြောင်း နိုင်ငံရေးသုံးသပ်သူများက ပြောဆိုကြသည်။ ❑

# UWSA ကိုယ်စားလှယ် နေပြည်တော်သို့ သွားရောက်ဆွေးနွေး

ဩဂုတ်လကုန်က ပန်ဆန်း UWSA ဌာနချုပ်မှ ဒုတိယဩဇာအကြီးဆုံး ၀ နိုင်ငံရေးခေါင်းဆောင်တစ်ဦးက ပျဉ်းမနား နေပြည်တော်၌ နအဖအကြီးအကဲများနှင့် သွားရောက်တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ တဘက်တွင်လည်း တောင်ပိုင်းရှိ ၀ထိန်းချုပ်နယ်မြေသို့ စစ်အင်အားပိုမိုတိုးချဲ့ထားကြောင်း ၀တပ်နှင့်နီးစပ်သည့်သတင်းရပ်ကွက်က ဆိုပါသည်။

ဩဂုတ်လလယ်က သျှမ်းပြည်အရှေ့ပိုင်း မိုင်းတုံမြို့နယ် မိုင်းကျွက် အခြေစိုက် UWSA ၁၇၁ စစ်ဒေသစီးပွားရေးတာဝန်ခံအကြီးအကဲမင်ချင်သည် ပန်ဆန်းဌာနချုပ်သို့ အစည်းအဝေးသွားတက်ပြီး ဩဂုတ်လ ၂၅ ရက်က မိုင်းကျွက်သို့ပြန်လည်ရောက်ရှိခဲ့၏။ နအဖစစ်အုပ်စုမှ ၀တပ်ဖွဲ့အား ၁)ထိုင်းနယ်စပ်တလျှောက်ရှိ ၀တပ်များအားလုံးမြောက်ပိုင်း ပန်ဆန်းဘက်သို့ ပြန်လည်တပ်ရုပ်ရန်၊ ၂) သျှမ်းပြည်တပ်မတော် SSA အားတိုက်ခိုက်ရန်၊ အချက် ၁ (သို့မဟုတ်) ၂ အတိုင်းမလိုက်နာပါက လက်နက်ချရန်ပြောဆိုခဲ့သော်လည်း တစ်ချက်မှ မလိုက်လျောနိုင်ကြောင်း၊ ထို့ကြောင့် စစ်ရေးပြင်ဆင်ထားရုံမှတပါး အခြားနည်းလမ်းမရှိကြောင်း – ဟိုပန်ဟိုယွက်အခြေစိုက် တပ်မဟာ ၄၁၄ တပ်ရင်းမှူး တာ့ရုန်နှင့်ဝအရာရှိများအား ပြန်လည်ရှင်းလင်းပြောပြသည် ဟုဆိုသည်။

*"ဩဂုတ်လ ၂၈ ရက်က ဒုတိယဩဇာအကြီးဆုံး ကျုပ်တို့နိုင်ငံရေးခေါင်းဆောင်တစ်ဦး ပန်ဆန်းကနေ ကြပ်ပြေးနေပြည်တော်ကိုသွားတယ်။ ဩဂုတ် ၃၀ မှာ နအဖထိပ်သီးတွေနဲ့ ဆွေးနွေးတယ်။ ၃၁ ရက် ပန်ဆန်းကိုပြန်ရောက်လာတယ်"* ဟုမင်ချင်ကပြောပြသည်။

ဆွေးနွေးညှိနှိုင်းချက်နှင့် သဘောတူညီချက်များကို အတိအကျမသိရသေးသော်လည်း ကျိုင်းတုံသတင်းရပ်ကွက်အရ *"ဝတပ်ဖွဲ့တွေထူးထူးခြားခြားလှုပ်ရှားလာတယ်။ ဩဂုတ်လ ၂၇ ရက်က စစ်ဝတ်စုံအပြည့်နဲ့ ၀ စစ်သားတင် ၁၀ ဘီးကား ၁၀ စီး ကျိုင်းတုံမြို့ထဲဖြတ်သွားတယ်။ ၂၈ ရက်မှာလည်း ဖိုးဝိုးကား ၁၀ စီးလောက်ထပ်ဖြတ်သွားတယ်"* ဟုပြောဆိုသည်။

ကျိုင်းတုံကိုဖြတ်သန်းသည့် ဝစစ်ကားများ တာချီလိတ်ကိုလည်းမရောက်သဖြင့် မိုင်းယန်း –မိုင်းလား–ကျိုင်းတုံ–မိုင်းဖြတ်မှ မိုင်းကုတ်ဘက်သို့ဆင်းသွားခြင်းဖြစ်နိုင်သည် ဟုနိုင်ငံရေးသုံးသပ်သူများက ပြောဆိုနေကြသည်။

တချိန်တည်းမှာပင် ပန်ဆန်းဌာနချုပ်မှဆင်းလာသည့် UWSA တပ်ရင်း ၄ ရင်းစာအင်အားသည် လွန်ခဲ့သော ဩဂုတ်စ်လမှစ၍ (စိုင်းလင်းခေါ် လင်မင်ရှဲန် ဦးဆောင်သည့် အပစ်ရပ် NDAA အထူး၄) မိုင်းလားအဖွဲ့ထိန်းချုပ်နယ်မြေနှင့် နအဖ တပ်ထိန်းချုပ်နယ်မြေစပ်ကြား(ကျိုင်းတုံအရှေ့မြောက်နှင့်အရှေ့ဘက်နမ့်လွေမြစ်ဝှမ်းအရှေ့ခြမ်း တစ်လျှောက်) လာရောက်နေရာယူတပ်ချထားကြောင်း ကျိုင်းတုံသတင်းရပ်ကွက်ကဆိုသည်။

မည်သို့ပင်ဖြစ်စေ ယခု ၂၀၀၇ နှစ်အတွင်းအပစ်ရပ်အဖွဲ့များ (အထူးသဖြင့် UWSA နှင့် KIO) အား နအဖ မှမဖြစ်မနေမရမက လက်နက်ချသည်အထိဖိအားပေး အကြပ်ကိုင်ဦးမည်မဟုတ်ကြောင်း၊ နအဖ အကြိုက်အခြေခံဥပဒေ အပြီးသတ်ရေးဆွဲပြီး လူထုဆန္ဒခံယူပွဲလုပ်ပြီးနောက်၊ ၂၀၀၈ နှစ်နှောင်းပိုင်း(သို့) ၂၀၀၉ နှစ်ဦးပိုင်းလောက်ရောက်မှ ၄င်းတို့နည်းလမ်းရှာ ကြုံးသွင်းလာမည်ဟု မှန်းဆရကြောင်း၊ ညောင်နှစ်ပင်ရောက် ဝကိုယ်စားလှယ်တစ်ဦးက သုံးသပ်ပြသည်ဟုဆိုကြောင်း။

❑ ❑ ❑

# အဘွားအရွယ်အမျိုးသမီးအား နအဖ တပ်သားအဓမ္မပြုကျင့်

ပြီးခဲ့သည့် ဩဂုတ်လက သျှမ်းပြည်အရှေ့တောင်ပိုင်း မိုင်းတုံအခြေစိုက် နအဖ တပ်သား ၃ ယောက်သည် မဲကင် အုပ်စုနေ အသက် ၅၀ ကျော်အရွယ် ရွာသူအမျိုးသမီးတစ်ဦးအား ဝိုင်းဝန်း အဓမ္မပြုကျင့်ခဲ့ကြောင်း၊ နောက်ဆုံး နို့ဆီတစ်ဘူး၊ သကြားတစ်ထုပ်သာ လျော်ကြေးပြန်ရကြောင်း သျှမ်းပြည်တောင်ပိုင်း သတင်းရပ်ကွက်က ဆိုပါသည်။

ဩဂုတ်လ ၆ ရက် ည ၈နာရီအချိန်ကမိုင်းတုံမြို့နယ်ကမ္ဘဌာန်းကျောင်းတိုက်အနီးရှိ နအဖ တပ် ခလရ ၂၇၇ မှ တပ်သားသုံးယောက်သည် မဲကင်ရွာနေ အသက် ၅၀ နှစ်ကျော်အရွယ် ဒေါ်နန်းခေါင်၏ အိမ်သို့သွား၍ မပြောမဆို ဒေါ်နန်းခေါင်အားဝိုင်းဝန်းအဓမ္မပြုကျင့်ခဲ့သည် ဟုဆိုပါသည်။

ဒေါ်နန်းခေါင်၏အိမ်နီးချင်းတစ်ဦးက *"နန်းခေါင်ရဲ့ အော်သံကြားတော့ ကျနော်တို့က ဘာများလဲဆိုပြီး အပြေးအလွှားသွားကြည့်တာပေ့ါ။ နန်းခေါင်အိမ်ပေါ်မှာဗျာ စစ်သားတစ်ယောက်က သေနတ်နဲ့ ချိန်ပြီးမသေချင်ရင် ချက်ချင်းအိမ်ပေါ်ကဆင်း လို့ပြောတော့ နန်းခေါင်ကိုသနားပေမဲ့ မကယ်တင်နိုင်ခဲ့ဘူး"*ဟု ပြောပြသည်။

၄င်းကဆက်၍ " နောက်တစ်ရက်တော့ နန်းခေါင်ရဲ့အမျိုးတွေနဲ့ ရွာသားတစ်ချို့ အုပ်စုဥက္ကဌ ဦးလှဖြူဆီသွားတိုင်တယ်။ သူလည်းပေ့ါပျက်ပျက်ဘဲသဘောထားတော့ ခလရ ၂၇၇ တပ်ကို ထပ်သွားတိုင်တယ်။ တပ်ရင်းမှူးကစိတ်မကောင်းပါဘူးတဲ့၊ ခွင့်လွှတ်ပါတဲ့၊ အဲဒီစစ်သား ၃ ယောက်ကိုလည်း ရာထူးဖြုတ်အပစ်ပေးပေးပါ့မယ် ဆိုပြီး လျော်ကြေးပေးလိုက်တာက နို့ဆီတစ်ဘူးနဲ့သကြားတစ်ထုတ်"ဟုပြောပြ၏။

၄င်းနှင့်ပတ်သက်၍ မဲကင်ဒေသခံများက မကျေမနပ်ဖြစ်နေကြကြောင်း၊ သတင်းဌာနများ၊ အသံလွှင့်ဌာနများသို့ အမြန်ဆုံး အကြောင်းကြားပြီး သတင်းထွက်ပေးစေလိုကြောင်း နယ်စပ်ရောက် မိုင်းတုံမြို့သားတစ်ဦးက သျှမ်းသံတော်ဆင့်သို့ပြောပြသည်။ ❑

# ကပ်စာ၊ ပိုစတာများကြောင့် စစ်အာဏာပိုင် ညမထွက်ရအမိန့်ထုတ်

လောင်စာဆီနှင့် ကုန်ဈေးနှုန်းအဆမတန်မြင့်တက်မှုကြောင့် ပြီးခဲ့သည့်သြဂုတ်လနှောင်းပိုင်းက ဗမာပြည်အနှံ့ရဟန်း ရှင်လူပြည်သူ လူထုဆန့်ကျင်ဆန္ဒပြအုံကြွမှုသည် သျှမ်းပြည်သို့လည်း ကူးစက် ပျံ့နှံ့လာသဖြင့် သိန္နီမြို့တွင်ဒေသခံစစ်အာဏာပိုင်များ၏ လုံခြုံရေးတင်းကြပ်မှုနှင့်အတူစစ်ဥပဒေမာရှယ်လောထုတ်ပြန်သည့်အခြေအနေသို့ရောက်နေကြောင်း သျှမ်းပြည်မြောက်ပိုင်းသတင်းရပ်ကွက်က ဆိုပါသည်။

ယခုလ ၅ ရက်နေ့က သျှမ်းပြည်မြောက်ပိုင်း သိန္နီ မယကရုံးတွင်**"နအဖ စစ်အစိုးရအားတညီတညွတ်တည်းဆန္ဒပြတွန်းလှန်ရန်"** (အမည်မသိလက်သည်)က စာစောင်နှင့်ပိုစတာများ အလစ်ဝင်ကပ်သွားရာ စစ်ဆင်မှုကွပ်ကဲရေးဌာနချုပ် ၁၆ စစ်ရုံးက ၆ ရက်နေ့မှစ၍ *"ရဟန်းသံဃာများအပါအဝင် ပြည်သူလူထုအားလုံး ည ၈ နာရီမှ နံနက်မိုးလင်းအထိ အိမ်ပြင်၊ ကျောင်းပြင်လုံးဝမထွက်ရ၊ တွေ့ရှိပါက ချက်ချင်းဖမ်းဆီးအရေးယူမည်"* ဟူသည့် စစ်ဥပဒေထုတ်ပြန်ခဲ့သည် ဟုဆိုပါသည်။

ထို့အပြင် **"လူခြောက်ယောက်နှင့်အထက် စုဝေးမနေရ၊ ညဗွီဒီယိုရုံနှင့် ကာရာအိုကေဆိုင်များ ဖွင့်လှစ်ပြသခြင်းမပြုရ "** ဟူသည့်တားမြစ်ချက်များလည်းပါရှိသည်။ တားမြစ်ချက်မလိုက်နာသူအား ပိုင်ဆိုင်မှုများနှင့်အတူ လုပ်ငန်းခွင့်ပြု ချက်လိုင်စင်ကိုပါ သိမ်းယူပြီး ပိုင်ရှင်ပါပြင်းထန်စွာအရေးယူမည် ဟုဆိုပါသည်။

*"သိန္နီမှာ မြို့တွင်း၊ မြို့ပြင် ဗွီဒီယိုရုံ၊ ကာရာအိုကေရုံ က ဆယ်ဂဏန်းလောက်ရှိတယ်။ သိန္နီမြို့တွင်းမှာဘဲ ကာရာအိုကေရုံ ၅ ရုံ ၆ ရုံရှိနေပြီ"* ဟုသိန္နီဒေသခံတစ်ဦးက ပြောပြသည်။

မာရှယ်လောကြေငြာချက်များအနက်အဆုံးဆိုးမှာ ရဟန်း၊ သံဃာတော်များခါတိုင်းကဲ့သို့ နံနက်စောစောဆွမ်းခံမထွက်ရ ဟူသည့် တားမြစ်ချက်ဖြစ်ကြောင်း၊ ထို့ကြောင့် ည ၈ နာရီကျော်ပါက ရပ်ကွက်တွင်းလမ်းပေါ် ၌ခွေးလေခွေးလွင့်များနှင့် နအဖစစ်သား/ပုလိပ်များသာ ရှိကြောင်း ယခုလ ၉ ရက်နေ့က တရုပ်နယ်စပ်သို့ရောက်ရှိသူ သိန္နီမြို့ခံတစ်ဦးက ပြောပြ၏။

ကချင်ပြည်နယ်မြစ်ကြီးနားမြို့တွင်လည်း ကချင်ကျောင်းသားအဖွဲ့ကဦးဆောင်၍ စစ်အစိုးရကိုဆန့်ကျင်သည့် စာစောင်များ၊ ပိုစတာများကို မြို့တွင်းမြင်သာသည့်နေရာများတွင်ကပ်ထားကြောင်း၊ နအဖအာဏာပိုင်များက လိုက်လံဖျက်ဆီးပြီး ရဲ၊ မီးသတ်နှင့်ရပ်ကွက် လူကြီးများအားလည်း တပ်လှန့်ထားကြောင်းလည်း ကြားသိရသည်။

သျှမ်းပြည်အတွင်းတောင်ကြီး လားရှိုးကဲ့သို့မြို့ကြီးများတွင်သာမက အခြားမြို့ငယ်များတွင်လည်း နအဖ စစ်အာဏာပိုင်များက မျက်ခြေမပြတ်စောင့်ကြပ်ကြည့်ပြီး လုံခြုံရေးတင်းကြပ်နေကြောင်း သျှမ်းပြည်မြောက်ပိုင်းမှလာသောသတင်းများအရ သိရသည်။ ❑

# သပိတ်မှောက်သတင်းနားထောင်သဖြင့် အုပ်စုဥက္ကဌ အဖမ်းခံရ

**၂၈ စက်တင်ဘာ ၂၀၀၇**

သျှမ်းပြည်တောင်ပိုင်း နမ့်စန်မြို့နယ် ကွန်မုံ့အုပ်စုဥက္ကဌသည် ဗမာပြည် သံဃာတော်များ သပိတ်မှောက် ကံဆောင်သည့် ရေဒီယိုသတင်းနားထောင်မှုကြောင့် ကွန်မုံ့အခြေစိုက် ခမရ ၅၆၉ ဗမာစစ်တပ်မှ ဝင်ရောက်ဖမ်းဆီးချုပ်နှောင်မှု ခံခဲ့ရကြောင်း နယ်စပ်သတင်းရပ်ကွက်က ဆိုပါသည်။

ကွန်မုံ့အုပ်စုဥက္ကဌ စိုင်းဝန်းမောင် (အသက် ၅၀ နှစ်) သည် ယခုလ ၂၀ ရက်နေ့နံနက်က သံဃာတော်များ ကံဆောင်သပိတ်မှောက် သည့်ရေဒီယို သတင်းကို နားထောင်နေစဉ် ကွန်မုံ့အခြေစိုက် ခမရ ၅၆၉ မှ ဗိုလ်မှူးကြည်သိန်းနှင့် တပ်သား ၅-၆ ယောက် လာရောက် ဖမ်းဆီးကာ တပ်စခန်း၌ အကျဉ်းချ ချုပ်ထားသည်ဟုဆိုပါသည်။

*"သူက နေ့တိုင်းသတင်းနားထောင်တယ်။ ပြီးတော့ ဗမာပြည်မှာ ဆန္ဒပြနေတဲ့အကြောင်း ရွာသားတွေကို စကားလက်ဆုံကျရင် ပြောပြတတ်တယ်။ ပြည်ပသတင်းနားထောင်ရင် အပြစ်ရှိတယ် အဖမ်းခံရမယ်ဆိုတာ သူလုံးဝမသိဘူး"* ဟု နယ်စပ်ရောက် ကွန်မုံ့ဒေသခံတစ်ဦးက ပြောပြသည်။

ဥက္ကဌ စိုင်းဝန်းမောင်အား ဖမ်းဆီးသွားပြီးနောက် ၎င်းအား-

(၁) ဆူပူအုံကြွသူများကို အားပေးထောက်ခံမှု။

(၂) ဒေသခံ သံဃာတော် များနှင့် လူထုအား ဆန္ဒပြမှုဖြစ်အောင် စည်းရုံးကြံစည်ပြီး ဦးဆောင် ရန် ပြင်ဆင်မှု။

(၃) ရွာသားများ အပေါ်ဆက်ကြေးကောက်စားမှု။

(၄) သျှမ်းသူပုန်အဖွဲ့အတွက် သူလျှိုလုပ်ပေးပြီး လျှို့ဝှက်ကူညီထောက်ပံ့မှု။

စသဖြင့် စွဲချက်တင်ကာ ထောင်ချအပြစ်ပေးခဲ့ သည်ဟုဆို၏။

*"စိုင်းဝန်းမောင်အကြောင်း စုံစမ်းမေးမြန်းတာလဲမဟုတ်၊ တစ်စုံတစ်ယောက်က သွားတိုင်တာလဲမရှိဘဲနဲ့ ပြုန်းစားကြီး လာဖမ်းသွားတာဘဲ။ မဟုတ်မမှန်တဲ့ စွဲချက်တွေ တပ်လိုက်တော့ အားလုံးက အံ့သြနေကြတယ်"* ဟု ထိုရွာသားက ဆက်ပြောပြသည်။

စိုင်းဝန်းမောင်သည် လွန်ခဲ့သည့် ၆ လခန့် (ယခု နှစ်ဦး) က နအဖ စစ်အစိုးရမှ (တပြည်လုံးအနှံ့ အခြားမြို့ရွာများနည်းတူ) ကွန်မုံ့ကျေးရွာအုပ်စုဥက္ကဌအဖြစ် ရွေးချယ်တင်မြောက်ခဲ့သည်။ ပြုတ်သွားသော ဥက္ကဌဟောင်းမှာ ကွန်မုံ့ရွာသား စိုင်းဒေါ်နဆိုသူဖြစ်သည်။ ❑

# အရေးအခင်းနဲ့ တိုင်းရင်းသားလူငယ်

EYNG တိုင်းရင်းသားလူငယ်များ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ EYNG ဆိုတာက လူထုကိုယ်စားပြုမျိုးဆက်သစ်လူငယ်များဖြစ်ပါတယ်။ ကျနော်တို့ကကွန်ယက်အနေနဲ့လုပ်တာ။ ပါတီဘက်လည်းရှိတယ်၊ ကျောင်းသားလူငယ်တွေလဲရှိတယ်။ အပစ်ရပ် ငြိမ်းချမ်းရေးတွေဘက်ကလည်းလာရောက်ဆက်သွယ်တယ်။ ဒီမိုကရေစီအရေးနဲ့တိုင်းရင်းသားအရေးကိုလုပ်မယ်ဆိုတာကကျနော်တို့နဲ့ရည်ရွယ်ချက်ချင်းတူတဲ့အတွက် ကျနော်တို့နဲ့ပူးပေါင်းပါဝင်လာတာပါ။ တကယ်လို့ လူထုအုံကြွမှုဖြစ်လာရင်ကျနော်တို့ကဘေးကနေရံပေးမယ်။ဆိုလိုတာက ငြိမ်းချမ်းစွာဆန္ဒပြတာကို ကျနော်တို့ထောက်ခံတယ် အားပေးတယ်။ ဒါပေမဲ့ ပြည်သူလူထုအရေခြုံထားတဲ့စွမ်းအားရှင်တွေ အကြမ်းဖက် နှိမ်နင်းလာရင် ကျနော်တို့နဲ့ထိပ်တိုက်တွေ့မယ်။

**RFA** ငြိမ်းအဖွဲ့လူငယ်တွေက အကာအကွယ်ပေးမယ်ဆိုတာက ဘာကိုဆိုလိုတာလဲ?

**EYNG** ကျနော်တို့အကာကွယ်ပေးမယ်ဆိုတာကတိုင်းရင်းသားနယ်မြေတွေမှာပါ။ အရှင်းဆုံးပြောရရင် ငြိမ်းချမ်းရေး အဖွဲ့ဆိုတာမြို့ပေါ် ရောက်နေတဲ့သူပုန်တွေပါ။ လူထုအုံကြွမှုဖြစ်လို့ ငြိမ်းချမ်းစွာဆန္ဒပြတာတွေကို ပြည်သူလူထုအရေခြုံတဲ့သူတွေက မလိုလားအပ်တဲ့အကြမ်းဖက်မှုနဲ့နှိပ်ကွပ်တယ်ဆိုရင် ကျနော်တို့သီးခံမှာ မဟုတ်ဘူး။

**RFA** အပစ်ရပ်ငြိမ်းအဖွဲ့တွေမှာ မိခင်အဖွဲ့အစည်းအသီးသီးရှိပါတယ်။ ဥပမာ ကချင်အဖွဲ့၊ သျှမ်းအဖွဲ့ပင်မအဖွဲ့အစည်းအသီးသီးရှိကြပါတယ်။ ငြိမ်းအဖွဲ့တွေက EYNG အဖွဲ့လိုမျိုး မြေအောက်အဖွဲ့အစည်းနဲ့ တွဲပြီးလုပ်တယ်ဆိုတော့ လူကြီးတွေက မလုပ်နဲ့လို့တားတာမျိုးဖိအားပေးတာမျိုးမရှိဘူးလား?

**EYNG** ခုအချိန်မှာ သမိုင်းကစကားပြောပြီ၊ ဒီလိုမျိုးသာ ပိတ်ပင်တားဆီးမယ်ဆိုရင် ကျနော်တို့နာခံမှာမဟုတ်ဘူး။ ပြည်သူတွေဘက်မားမားမတ်မတ်ရပ်တည်ရမဲ့ အခြေအနေပါ။ ကျနော်တို့ ခေါင်းဆောင် တွေထွက်မလာလဲကျနော်တို့က ထွက်ရတော့မှာဘဲ။ ကျနော်တို့ဟာခံယူချက်အရ တိုင်းရင်းသားပြည်သူလူထုအတွက် လက်နက်ကိုင်တော်လှန်ရေးလုပ်ခဲ့တယ်။ အပစ်အခတ် ရပ်စဲရေးလုပ်ခဲ့တာကို ကျနော်တို့သိပ်သဘောကျတာမဟုတ်ဘူး။ အပစ်အခတ်ရပ်စဲရေးလုပ်လို့ရလာတဲ့အကျိုးကျေးဇူးတွေကို တချို့ခေါင်းဆောင်တွေလောက်ဘဲခံစားရတယ်။ ကျနော်တို့လူငယ်တွေဘာမှမခံစားရဘူး။ ပြည်သူလူထုနဲ့ အတူတူဘဲ။ ဒီအချိန်မှာပြည်သူလူထုအပေါ် ဦးဆောင်မဲ့သူလိုနေပြီလို့ သမိုင်းကပြောနေပြီ။ ဒါကြောင့်မို့လို့ခေါင်းဆောင်တွေပါပါ မပါပါ ကျနော်တို့လုပ်သင့်လုပ်ထိုက်တာတွေကို ပြည်သူလူထုနဲ့ပူးပေါင်းလုပ်ဆောင်ဖို့လိုနေပြီ။

**RFA** အပစ်ရပ်စဲရေးခေါင်းဆောင်အချို့လည်း ညောင်နှစ်ပင်ညီလာခံတက်ကြတယ်။ ညီလာခံက လူထုကိုတကယ်ကိုယ်စားမပြုဘူးဆိုပြီးတော့လည်း ဝေဖန်နေကြတယ်။ ဒီကိစ္စကို ဘယ်လိုသုံးသပ်ရှုမြင်ပါသလဲ?

**EYNG** ညောင်နှစ်ပင်ညီလာခံဆိုတာ တိုင်းရင်းသားပြည်သူ လူထုဆန္ဒပါတာမဟုတ်ဘူး။ ငြိမ်းအဖွဲ့တွေဆိုတာကလည်း အပစ်ခတ်ရပ်စဲရေးအဖွဲ့အနေနဲ့ဘဲသွားတက်တာပါ။ ပြည်သူလူထုက ရွေးချယ်တင်မြှောက်လိုက်တဲ့လူတွေမဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ ဒီညောင်နှစ်ပင်ညီလာခံဟာ မကြာခင်အဖြူအမဲသဲကွဲတော့မှာပါ။ တိုင်းရင်းသားအခွင့်အရေးဆိုတာကလည်းရလာမှာမဟုတ်ပါဘူး။သူတို့က လက်ညှိုးထောင်ခေါင်းငြိမ့်သာသွားလုပ်ခဲ့ရင်တော့ သူတို့ဟာ သမိုင်းတရားခံတွေဘဲလို့ ကျနော်တို့သတ်မှတ်ရမှာဘဲ။

**RFA** ရန်ကုန်၊ မန္တလေးနဲ့တခြားမြို့တွေမှာဂျမျိုးဆက်ကျောင်းသားတွေပြည်သူတွေကုန်ဈေးနှုန်းကျဆင်းရေးတို့ဘာတို့လုပ်နေကြတယ်။ ဒီ ၂ နှစ် ၃ နှစ်အတွင်း တော်တော်လေးတက်တက်ကြွကြွပြန်ဖြစ်လာကြတယ်လို့သုံးသပ်ကြတယ်။ ပြည်မက လူငယ်တွေ ဒီလိုလုပ်လာတာနဲ့ပတ်သက်ပြီး ခင်ဗျားတို့ တိုင်းရင်းသားလူငယ်တစ်ယောက်နေနဲ့ဘယ်လိုမြင်ပါသလဲ။ ပြည်သူတွေနဲ့ ပူးပေါင်းဖို့ရော ဘယ်လောက်အထိ စိတ်ဆန္ဒရှိပါသလဲ?

**EYNG** ကျနော်တို့ အဲလောက်အထိလည်း မလုပ်ပါဘူး။ ငြိမ်းအဖွဲ့တွေအနေနဲ့မြို့ပေါ်မှာဘောင်နဲ့နေရတာ။ဒါပေမဲ့ သူတို့ကိုကွန်ယက်အနေနဲ့ဆက်ဆံပါတယ်။သူတို့လုပ်လာတာလည်း ရေချိန်မြင့်လာပါပြီ။ မြန်မာပြည်နိုင်ငံရေးက ဗမာပြည်ဖြစ်လာတာနဲ့လည်းပွဲမပြီးနိုင်ဘူး။ လူစုံတက်စုံပါမှ၊ တိုင်းရင်းသားပြည်သူလူထုတွေလည်းပါဝင်မှပွဲပြီးမှာပါ။ မြန်မာပြည်နိုင်ငံရေးက ဗမာ့နိုင်ငံရေးလိုဘဲဖြစ်နေပါတယ်။ တိုင်းရင်းသားနည်းနေတာကိုတွေ့ရပါတယ်။ သုံးပွင့်ဆိုင်လုပ်ဖို့ပြောနေရုံနဲ့မရဘူး။ လက်တွေ့လုပ်မှဘဲရမှာပါ။ ဒီတော့ ကျစ်လစ်ခိုင်မာဖို့ တိုင်းရင်းသားတပ်ပေါင်းစုတွေထွက်ပေါ်လာဖို့ ကျနော်တို့ကြိုးစားနေပါတယ်။

**RFA** ဗမာနဲ့ တိုင်းရင်းသားတွေပူးပေါင်းပြီးလှုပ်ရှားမှုဖြစ်ဖို့ တိုင်းရင်းသားတွေဘက်က ဘယ်လောက်များပြင်ဆင်ထားပါသလဲ။ ပြင်ဆင်ထားမှုကိုရောအားရပါသလား?

**EYNG** ဒါကတော့ကျနော်တို့ရဲ့လုပ်ရည်ကိုင်ရည်အပေါ် မူတည်ပါတယ်။ အခုစစ်တွေမှာဖြစ်သွားတဲ့ကိစ္စဆိုရင်ကျနော်တို့လူငယ်တွေဘက်က ချိတ်ဆက်တာလေးတွေ ပြင်ဆင်တာလေးတွေရှိပါတယ်။ အဓိက ကရေ့ဆက်တိုင်းရင်းသားနယ်မြေတွေမှာ အခိုင်အမာလုပ်ဖို့လိုတယ်။ပြင်ဆင်ဖို့လိုပါတယ်။ အဲဒါကျနော်တို့တာဝန်ပါ။

2/9/2007 RFA

# အပစ်ရပ်များအားပန်ကြားချက်

"အာဏာရှင်၏ မတရား ဖိနှိပ်အနိုင်ကျင့်မှု၊ မတရား ဖမ်းဆီးချုပ်နှောင်မှု၊ မတရား အာဏာလုယူထားမှု၊ အကျင့်ပျက်ဖောက်ပြန်အုပ်ချုပ်မှုကြောင့် တိုင်းပြည်စီးပွားရေး ချွတ်ခြုံကျပြီး၊ တိုင်းသူပြည်သားများ ဆင်းရဲမွဲသေငတ်ပြတ်စေမှုနှင့် နိုင်ငံ၏အခြေခံဥပဒေကိုပြည်သူ့ဆန္ဒမပါဘဲ တရားအနိုင်ကျင့်ရေးဆွဲမှုအပေါ် ပြည်သူများမကျေနပ်ကြခြင်းသည်ပိုမို၍အဓိကကျသော အခြေခံအကြောင်းရင်းများဖြစ်သည်"

"ယနေ့ရေးဆွဲသော အခြေခံဥပဒေသည် စစ်အာဏာရှင်တို့မတရားအနိုင်ကျင့် လုယူထားသော နိုင်ငံတော်အာဏာကိုတရားဝင်စစ်အာဏာရှင်လက်ထဲမှာအစဉ်ထာဝရတည်မြဲနေရေးအတွက်ကြိုးပမ်းခြင်းမျှသာဖြစ်သည်။ ပြည်သူလူထုတို့အား လွတ်လပ်သော



တရားမျှတသော ဒီမိုကရေစီအခွင့်အရေး၊ လူ့အခွင့်အရေးနှင့် တိုင်းရင်းသားတို့အတွက်၊ မိမိတို့ကံကြမ္မာကို မိမိတို့ဖန်တီးခွင့်အခွင့်အရေးတို့ကို ထည့်သွင်းစဉ်းစားပြဋ္ဌာန်းသော အခြေခံဥပဒေတရပ် လုံးဝမဟုတ်ပါ"

"ဘာမျှမလုပ်ဘဲ ငြိမ်သက်စွာလည်စင်းခံ၍ မျှော်လင့်နေမဲ့အစား၊ ယနေ့အုံကြွနေသောပြည်သူတို့နှင့်ပေါင်းပြီးရန်သူ စစ်အာဏာရှင်အားရဲရဲဝံ့ဝံ့အံတုပုန်ကန်ရန်အချိန်ကောင်းဖြစ်သည်"

"အပစ်အခတ်ရပ်စဲရေးလုပ်ထားသော အဖွဲ့အစည်းများ အနေဖြင့် စစ်အာဏာရှင်အပေါ်မိမိတို့ထားရှိသော မူဝါဒသဘောထားကိုလည်းကောင်း၊ ကျင့်သုံးသောနည်းပရိယာယ်ကိုလည်းကောင်း ပြန်လည်သုံးသပ်ရန်အချိန်ကာလကောင်းဖြစ်သည်။မိမိတို့၏ရပ်တည်ချက်ကို တိကျပြတ်သားစွာအဆုံးအဖြတ်ပေးရမည့် အရေးကြီးသော အချိန်ကာလဖြစ်သည်။ အုံကြွပုန်ကန်နေသော လက်နက်မဲ့ပြည်သူ့တော်လှန်ရေးအင်အားစုနှင့်ပူးပေါင်းပြီး မေးမှိန်နေသည့် မိမိတို့၏လက်နက်ကိုင်တော်လှန်ရေးသမိုင်းကြောင်းကို တဖန်ပြန်လည်တောက်ပြောင်လာအောင်အရောင်တင်ပေးရမည့်အချိန်ကာလဖြစ်သည်"

"အပစ်အခတ်ရပ်စဲရေးလုပ်ထားသော လက်နက်ကိုင်အဖွဲ့အစည်းတို့သည် နိုင်ငံရေးပြဿနာကို တန်းတူတွေ့ဆုံဆွေးနွေးပြီးရိုးသားဖြောင့်မတ်စွာဖြေရှင်းလိုသည်။သို့သော်စစ်အာဏာရှင်တို့သည်မိမိတို့အာဏာတည်မြဲရေးအတွက် အပစ်အခတ်ရပ်စဲရေးလုပ်ထားသော အဖွဲ့အစည်းတို့ကို ခုတုံးလုပ်ရန်သာ ကြိုးစားနေသည်။ နိုင်ငံတကာဖိအားကိုရှောင်တိမ်းနိုင်ရေးအတွက် အကာအကွယ်ယူ အသုံးချနေခြင်းဖြစ်သည်။ ပြည်တွင်းဒီမိုကရေစီအင်အားစုများအုံကြွမှုကိုငြိမ်းသတ်ရန်အတွက်အပစ်အခတ်ရပ်စဲရေးလုပ်ထားသောအဖွဲ့အစည်းတို့နှင့်ရုပ်ပြညီညွတ်ရေးတည်ဆောက်ထားခြင်းသာ ဖြစ်သည်"

"လက်နက်ကိုင်အဖွဲ့အစည်းတို့သည်ပြည်သူဘက်မှရပ်တည်ပြီး ပြည်သူတို့နှင့်အတူပြည်သူ့အောင်ပွဲခံယူရမည့်အချိန်ဖြစ်သည်။ စစ်သားနှင့်စစ်လက်နက်သည်အဓိကမဟုတ်ပါ။ အဆုံးအဖြတ်လည်းမပြုနိုင်ပါ။ တရားမျှတမှန်ကန်သော ပြည်သူ့တိုက်ပွဲသည်သာအဓိကကျသည်။ အဆုံးအဖြတ်ပြုသည်။ ပြည်သူလူထုဘက်မှရပ်တည်ပြီး ပြည်သူနှင့်အတူ ပြည်သူ့အောင်ပွဲကိုခံယူကြပါလော့"❑

10/09/2007 **မွန်အမျိုးသားကောင်စီကြေငြာချက်မှ**

## UNA တောင်းဆိုချက်

"ပထမအချက်အနေနဲ့ ပြည်ထောင်စုစစ်စစ်နဲ့ အခြေခံဥပဒေရေးဆွဲနိုင်ဖို့၊ ဒုတိယအချက်အနေနဲ့အဲဒီလိုအခြေခံဥပဒေ ရေးဆွဲမယ်ဆိုရင်တပြည်ထောင်စနစ်အခြေခံပြီးတော့ရေးမှာလား? ပြည်ထောင်စုစစ်စစ်မှုကိုအခြေခံပြီးရေးမှာလား? ဆိုတာတွေကို ကျနော်တို့ နိုင်ငံရေးပါတီများပါဝင်တဲ့ လူမျိုးပေါင်းစုံကိုယ်စားလှယ်တွေနဲ့အရင်ညှိနှိုင်းချမှတ်ပြီး ဆက်လက်လုပ်ဖို့လိုအပ်ပါတယ်။ နောက်တတိယအချက် အနေနဲ့အဲဒီလိုလုပ်နိုင်ဖို့အတွက် အခုဖမ်းဆီးခံနေရတဲ့၊ ထောင်ကျခံနေရတဲ့ ခွန်ထွန်းဦး၊ စိုင်းညွန့်လွင်၊ ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး စသည်ဖြင့်ပုဂ္ဂိုလ်တွေကိုအရင်လွှတ်ပြီးတော့မှ သူတို့အပါအဝင်အားလုံးကို ဆွေးနွေးတိုင်ပင်မှ အဲဒီဥစ္စာကိုရနိုင်မယ်။ ၁၉၉၀ ရွေးကောက်ပွဲမှာရွေးချယ်ခံထားရတဲ့လွှတ်တော်ကိုယ်စားလှယ်တွေ၊ စစ်အစိုးရကိုလက်နက်ကိုင်တော်လှန်နေဆဲဖြစ်တဲ့ တိုင်းရင်းသားအဖွဲ့တွေ၊ စစ်အစိုးရနဲ့အပစ်အခတ်ရပ်စဲရေးလုပ်ထားတဲ့အဖွဲ့တွေ၊ တိုင်းရင်းသားပါတီတွေနဲ့ စစ်အစိုးရကိုယ်စားလှယ်တွေ အားလုံးစုံစုံလင်လင်ပါဝင်ခွင့်ပေး ဖို့လိုတယ်။"

တိုင်းရင်းသား ၁၁ ပါတီပါဝင်တဲ့ – **ညီညွတ်သောတိုင်းရင်းသား မဟာမိတ်အဖွဲ့ UNA ပြောခွင့်ရပုဂ္ဂိုလ် –**

**ဗိုမ်းအမျိုးသား ကွန်ကရက် ဥက္ကဋ္ဌ**
**ပူကျင်ရှင်းထန်**

# ပတ္တနိက္ကုဇ္ဇန နဲ့ ဗမာပြည်သံဃာ့ကိစ္စ

ယုတ်မာလွန်းတဲ့ပုဂ္ဂိုလ်ကို မဆက်ဆံဘူးဆိုတဲ့ ကျင့်ထုံး ဗုဒ္ဓဘာသာမှာရှိပါတယ်။ ဒါကို ပတ္တနိက္ကုဇ္ဇန ကံဆောင်တယ်လို့ခေါ်ပါတယ်။ သပိတ်မှောက်တာပါပဲ။ ထေရဝါဒ ဝိနည်းတော်အရ သတ်မှတ်ထားတဲ့ ဝိနည်းတော် ၈ ခုထဲက တခုခုကို ကျူးလွန်မိတယ်ဆိုရင် အဲဒီကျူးလွန်သူကို သံဃာတော်တွေက မဆက်ဆံပဲဝိုင်းပယ်ပိုင်ခွင့် ရှိပါတယ်။

ဘုရား တရား သံဃာကို မထီမဲ့မြင်ပြုရင် သပိတ်မှောက်နိုင်ပါတယ်။ လှူဖွယ်ပစ္စည်းမရအောင်လုပ်မှု၊ သီတင်းသုံးစရာနေရာ မရအောင်လုပ်မှု၊ အတင်းအဓမ္မ လူဝတ်လဲခိုင်းမှု၊ ဆဲရေးတိုင်းထွာမှု၊ သံဃာအချင်းချင်း စိတ်ဝမ်းကွဲအောင်လုပ်မှု၊ သွေးထိုးပေးတဲ့အပစ် ၈ ခုထဲက တခုခုကိုကျူးလွန်တယ်ဆိုရင် သံဃာထုတွေက သပိတ်မှောက်နိုင်ပါတယ်။ ဗမာစစ်အစိုးရဟာ ဒီပြစ်မှုတွေကို အနည်းနှင့်အများ အမြဲတမ်းကျူးလွန်နေတဲ့အတွက် သံဃာတွေက အမြဲတမ်းသပိတ်မှောက်နိုင်ပါတယ်။

ဒါပေမဲ့စစ်အစိုးရဟာ သံဃာတွေအပေါ် ချုပ်ကိုင်နိုင်အောင် သံဃာ့မဟာနာယကအဖွဲ့ကို ဖွဲ့စည်းထားပါတယ်။

ဒေသဆိုင်ရာ သံဃာ့နာယကအဖွဲ့အစည်းအသီးသီးကိုလည်း ဖွဲ့စည်းထားပါတယ်။ စစ်ဗိုလ်တွေဟာ ဒီနာယက အဖွဲ့ကနေတဆင့် သံဃာထုကို ကြိုးကိုင်ပါတယ်။ ၁၉၉၀ ပတ္တနိက္ကုဇ္ဇန ကံဆောင်ပွဲမှာ ပါဝင်တဲ့သံဃာတွေကို သင်္ဃန်းချွတ်ပစ်ဖို့ စစ်အစိုးရက လျှောက်ထားတဲ့အခါမှာ သံဃာ့နာယကအဖွဲ့တွေက သဘောတူလိုက်ပါတယ်။ နောက် ဝိနည်းကျမ်းကိုကြည့်တော့မှ စစ်ဗိုလ်တွေပြောသလို လုပ်လို့မရမှန်းသိတယ်လို့ဆိုပါတယ်။

ဒါကြောင့် ၁၉၉၀ အောက်တိုဘာမှာ စစ်အစိုးရပြဋ္ဌာန်းတဲ့ သံဃာ့အဖွဲ့အစည်းဆိုင်ရာဥပဒေဟာ ဝိနည်းတော်နဲ့ ကိုက်ညီရဲ့လား ဆိုတာ ပြန်ဆန်းစစ်ဖို့ သံဃာ့မဟာနာယကတွေမှာ တာဝန်ရှိပါတယ်။ မဟာနာယကအဖွဲ့တွေဟာ သံဃာကိစ္စကိုနားမလည်တာ ဝမ်းနည်းစရာကောင်းတယ်လို့ ရွှေကျင်ဂိုဏ်းဝင် ဝါရင့်ဆရာတော်တစ်ပါးက ပြောဖူးပါတယ်။ မဟာနာယကအဖွဲ့တွေဟာ သံဃာ့အကျိုး မဆောင်ရွက်နိုင်လို့ ကြားနေမယ်ဆိုရင်လဲထားပါတော့ အခုတော့ သံဃာတွေကိုတမင်သက်သက်ဒုက္ခပေးဖို့ ဖွဲ့စည်းထားသလိုဖြစ်နေတယ် လို့ မြင်ကြပါတယ်။

အများသိရှိနားလည်ထားတာက ပရာဇိက ကံလေးပါးဖြစ်တဲ့ လိင်ဆက်ဆံမှု၊ ခိုးမှု၊ လူသတ်မှု၊ ဉာဏ်ရှိချင်ယောင် ဟန်ဆောင်မှု မကျူးလွန်သမျှ ဘယ်နေရာပဲရောက်ရောက် ရဟန်းဘဝဟာရဟန်းပါပဲ၊ ဘယ်သူမှ ရဟန်းဘဝ စွန့်ခိုင်းလို့မရပါဘူး။ ဒါပေမဲ့ စစ်ဗိုလ်တွေက ဒါတွေကိုနားမလည်တဲ့အတွက် အပြစ်ကြီးလေးတဲ့ ဂရုကအာပတ်သင့်တဲ့ရဟန်းကိုရော ပေါ့ပါးတဲ့ရဟုက အာပတ်သင့်တဲ့ ရဟန်းကိုပါ အပြစ်ပေးပိုင်ခွင့်ရှိတယ်လို့ယူဆထားပါတယ်။ ရဟုက အာပတ်သင့်တဲ့ ပစ်မှုအသေးအမွှားတွေထဲမှာ ပိုက်ဆံငွေကြေးကိုင်တာလဲပါတယ်မို့ ရဟန်းတွေအနည်းနဲ့အများ တနည်းမဟုတ်တနည်းနဲ့ ရဟုက အာပတ်သင့်သူတွေလဲရှိပါတယ်။

ဒါတွေကို လိုက်ပြီးအရေးယူရင် နအဖခေတ်မှာ သံဃာ့လောက ပျက်မဲ့ကိန်း ဆိုက်ရောက်နေပါပြီ။ ထောင်ချခံနေရတဲ့ သံဃာတွေကို အတင်းအဓမ္မသင်္ဃန်းချွတ်ပြီး နှိပ်စက်ညှင်းပမ်းနေတာတွေ အများကြီးရှိပါတယ်။ မတရားထောင်ချတဲ့ အဖွဲ့တွေကို မဟာနာယကအဖွဲ့က မသိချင်ယောင်ဆောင်နေလို့မဖြစ်ပါဘူး။ ပိဋကတ်သုံးပုံ အာဂုံဆောင်တဲ့ ဦးသုမင်္ဂလာလင်္ကာရ အတင်းအဓမ္မဖမ်းဆီးပြီး ကချင်ပြည်နယ်ကို မပို့မီမှာ ရဟန်းဝတ်မှ မိမိသဘောအလျှောက်နုတ်ထွက်ကြောင်း ရေးထားတဲ့စာရွက်ကို ထောက်လှမ်းရေးက လက်မှတ်ရေးထိုးခိုင်းပါတယ်။ ဆရာဦးသုမင်္ဂလက အသေသာခံမယ် ရဟန်းဝတ်ကမထွက်ဘူး ပြောတဲ့အတွက် ဆရာတော်ဟာ အကျဉ်းကျခံရစဉ်မှာ သင်္ဃန်းရုံ ခွင့် မရဘဲ ထောင်ဝတ်စုံသာဝတ်ခဲ့ရပါတယ်။ ဆရာတော်ဟာ အကြောင်းမဲ့ စစ်အုပ်စုကိုဗွေမယူပေမဲ့ သံဃာတွေကိုသင်္ဃန်းချွတ်ပစ်ဖို့ စစ်ဗိုလ်တွေက စိတ်ထက်သန်နေတာကိုတော့ အလွန်စိတ်မကောင်း ဖြစ်မိတယ်လို့ ဆိုပါတယ်။

ဒီနေရာမှာ မဟာနာယကအဖွဲ့ရဲ့အတွေးအမြင်ကို သိနိုင်ပါတယ်။ ဆရာတော်ဦးသုမင်္ဂလနဲ့ သူ့ကျောင်းတိုက်က ဓမ္မာစရိယ စာချဆရာတော် ၄ ပါး ၁၉၉၃ မတ်လ မှာ ပြန်လွတ်လာပါတယ်။ လွှတ်ပေးတဲ့နေ့မှာ ဦးသုမင်္ဂလ တပါးတည်းကိုသာ သင်္ဃန်းရုံခွင့်ပေးပြီး ကျန်ကိုယ်တော်တွေကိုတော့ လူဝတ်နဲ့ပြန်လွှတ်လိုက်ပါတယ်။ လွှတ်လာတဲ့ရဟန်းတွေက သင်္ဃန်းဝတ်ဖို့မဟာနာယကအဖွဲ့ကို ခွင့်တောင်းတော့ ဘာအပြစ်မှမရှိတဲ့အတွက်သင်္ဃန်းဝတ်ခွင့်ရှိတယ်လို့ဆိုပါတယ်။

အဲဒီလိုဆိုရင် အပြစ်မရှိတဲ့သံဃာတွေကို ဘာဖြစ်လို့ဖမ်းဆီးထောင်ချတာလဲဆိုတာ မဟာနာယကအဖွဲ့ စစ်အစိုးရကို မေးရပါလိမ့်မယ်။ဒီလိုမေးခွန်းထုတ်ဖို့အမှန်တရားပြောရဲတဲ့သတ္တိလဲရှိရပါလိမ့်မယ်။ လွန်ခဲ့တဲ့မတ်လက ဆန္ဒပြသူ ကိုထင်ကျော် ဥက္ကလာပမှာ ရဟန်းခံဖို့စီစဉ်တာကို နအဖက ပိတ်ပင်တားမြစ်လိုက်လို့ သင်္ဃန်းဝတ်ခွင့် မရခဲ့ပါဘူး။ ဗုဒ္ဓဘာသာ ဓလေ့ထုံးစံအရဆိုရင် လူပုဂ္ဂိုလ်တဦး ရဟန်းခံတဲ့ကိစ္စဟာ သံဃာ ၅ ပါးက ဆုံးဖြတ်ရင်ပြီးတာပါပဲ။

သင်္ဃန်းဝတ်ချင်သူက ရဟန်းခံလိုကြောင်း ပန်ကြားတဲ့အခါမှာ ရဟန်းခံလိုသူ အသက် ၂၀ ပြည့်ရဲ့လား၊ မိဘခွင့်ပြုသလား၊ယောကျာ်းဟုတ်ရဲ့လား၊ လွတ်လပ်ရဲ့လား၊ လူစစ်ဟုတ်ရဲ့လား၊ အနာကျည်းရောဂါ(သို့မဟုတ်) ဝတ်ရူးပြန်ရောဂါရှိရဲ့လား စသဖြင့်မေးရပါတယ်။ ရဟန်းခံလိုသူက ဖြေကြားတာတွေကို သံဃာတွေက ကျေနပ်ရင် ရဟန်းခံပေးလိုက်တာပါပဲ။ ဘယ်အာဏာပိုင်ကိုမှ ခွင့်တောင်းစရာ မလိုပါဘူး။

ဒီကိစ္စတွေကို မဟာနာယကတွေက အရင်ဆုံးဖြေရှင်းသင့်ပါတယ်ခင်ဗျား။

ဦးအောင်ခင် RFA 21/09/07

# ဆန့်ကျင်ဘက် နှစ်ခု

- အဝမ္ပ နဲ့ ဝမ္ပ
  နအဖနဲ့ သံဃ
  သေနတ်နဲ့ ချလဲ – ပရိတ်က ရွတ်ဆဲ။

- နံပါတ်ဒုတ်/မျက်ရည်ယို–မီးလောင်ဗုံးနဲ့
  မေတ္တာသုတ် ဘုန်းတန်ခိုး
  စစ်အာဏာကိုးစားသူက တစ်ဘက်
  ဘုရား၊ တရား လက်ကိုင်ထားသူ ရင်ကော့ရပ်
  သေနတ်ဘဲဖောက်ဖောက်၊ သပိတ်မှောက်ကံဆောင်
  အမှောင်တိုက်သွင်းတဲ့ မင်းဆိုးရိုင်းရမ်း
  အကြမ်းဖက် ရက်စက်မှုမှာ
  သံဃာကို လုံ့စွပ်နဲ့ထိုးသတ်
  လုပ်ရပ်က လူမဆန် ၊ မိစ္ဆာနိုင်ငံထူထောင်
  ပူလောင်မှုနဲ့ ငြိမ်းချမ်းမှု
  လျှို့ဝှက် လုယက်ခြင်းနဲ့ ပေါ်လွင်သန့်ရှင်းခြင်း
  မိုက်တွင်းနက်သူနဲ့ မြင့်မြတ်သူ
  သူခိုးကလူကိုဟစ်၊ ကောက်ကျစ်မှုအဆုံးစွန်
  တယူသန်သမားနဲ့ ဝမ္ပသူတော်စင်
  ဆန့်ကျင်ဘက်နှစ်ခု၊ ယခုအဖြစ်က၊ ဒိဌမြင်တွေ့ရပြီ
  မည်သူကအမှား၊ ဘယ်အင်အားစုကအမှန်
  ပြည်သူလူထုဒဏ်ခတ်ဆုံးဖြတ်
  ကမ္ဘာက အကဲခတ် ကြပ်မတ်လတ္တံ့။

အရှေ့ရိုးမသား ၂၇၊ ၉၊ ၂၀၀၇



# ၵႂၢႆႈထိုၵ်းၶဝ်ၵုၵ်ႉ



- ၽႂ်တုၵ်ႉၽေႃးမီး၊ ၽႂ်ပီးသုင်ယွမ်၊ ၽႂ်ငွမ်ငိုၵ်းငွၵ်ႈ၊
  ၽႂ်ၸွၵ်ႈၸိူဝ်ၸႅး၊ ၽႂ်ၽိူးဝႆးထိုင်း၊ ၽႂ်လိူင်းၵဝ်းၵူၼ်
  မၼ်းႁွၼ်ႇသူၼ်လႆႈႁူႉလွမ်းသင်။
- ၽႂ်ယုၵ်ႉၽႂ်ဝၢင်း၊ ၽႂ်ၶၢင်းၽႂ်ၶူဝ်၊ ၽႂ်ၵူဝ်ၽႂ်ႁႅတ်း၊
  ၽႂ်တတ်းၽႂ်ထိူဝ်၊ ၽႂ်လိူဝ်ၽႂ်ယွမ်း၊ ၽႂ်ၸွမ်းၽႂ်ၶႅင်၊
  မၼ်းႁွၼ်ႇၸႅင်လႆႈတွၼ်ႉၶႄႇၶူမ်။
- ၽႂ်လုၵ်ႉၸၢင်ႈၸွၼ်း၊ ၽႂ်ၵွၼ်းတႅၵ်ႈသီႇ၊ ၽႂ်မီႇၵၢၵ်ႈႁၢင်ႇ၊ ၽႂ်လၢင်ႇၽႂ်လႆး၊
  ၽႂ်ယႆးယၵ်းလၢၵ်ႈ၊ ၽႂ်ၶၢၵ်ႈႁိမ်ၽိုတ်ႉ၊ ၽႂ်တိုတ်ႉထူင်ႇလၼ်၊
  မၼ်းႁွၼ်ႇတူလုၵ်းႁၼ်ဝူၼ်ႉလွမ်းသင်။
- ၽႂ်မုၵ်ႉၽႂ်လုမ်း၊ ၽႂ်ယုမ်းၽႂ်ၶူဝ်း၊ ၽႂ်မူဝ်းၽႂ်မႃး၊ ၽႂ်ပႃးၽႂ်ပူဝ်ႉ၊
  ၽႂ်ႁူဝ်ႉၽႂ်လိူဝ်ႈ၊ၽႂ်ႁူဝ်ႈၽႂ်ထွၵ်ႇ၊ ၽႂ်တွၵ်ႇၽႂ်ယဝ်ႈ၊
  မၼ်းႁွၼ်ႇသဝ်ႈလႆႈႁွၼ်ႉယိၼ်းၶိ။
- ၽႂ်သုၵ်ႉၽႂ်ၸိမ်၊ ၽႂ်လိမ်ၽႂ်ယုင်ႈ၊ ၽႂ်ပုင်ႈၽႂ်ပိုတ်း၊
  ၽႂ်ယိုတ်းၽႂ်ႁူပ်ႈ၊ ၽႂ်လုပ်ႈၽႂ်တၢပ်ႇ၊ ၽႂ်ႁၢပ်ႇၽႂ်လႃး၊
  မၼ်းႁွၼ်ႇပႃးလႆႈၵိုတ်ႉလွမ်းသင်။
- ၽႂ်ႁူၵ်ႉၽႂ်ပွႆႇ၊ ၽႂ်တွႆႇၽႂ်ႁူလ်း၊ ၽႂ်လူလ်းၽႂ်ဝၼ်း၊ ၽႂ်ယွၼ်းၽႂ်မႅင်ႇ၊
  ၽႂ်ဝႅင်ႇၽႂ်ၵုပ်း၊ ၽႂ်သုပ်းၽႂ်ပူတ်း၊ ၽႂ်ႁူတ်းၽႂ်ၵီႈ၊
  မၼ်းႁွၼ်ႇလီႈလႆႈလူၵ်ႉလွၼ်းသင်။
- ၵမ်ႇလႆႈၽုၵ်ႉၽဵတ်ႇ၊ ယူႇတဵတ်ႇၵဵဝ်ႉၵိူင်ႈ၊ ၵမ်ႇပိူင်ႈမူတ်ႉမတ်း၊
  မၼ်းပဵၼ်သတ်းၵိၼ်ယိူဝ်ႈ၊ ႁွပ်ႈပိူဝ်ႈသူင်ၵိူၵ်ႇႁူမ်ႇၵၢင်ၸဝ်ႈ၊
  ၵမ်ႇၵိၼ်ၶဝ်ႈသုၵ်းမိူၼ်ႁူၼ်းလႆ။
  ပိူၼ်ႈသူၼ်သႂၢၸင်ပႃး၊ လႆႈႁဵတ်းၶႄးထႂ်လိၼ်၊
  ၶႆႈႁဵမ်ၵိၼ်ၸိူဝ်ႉမၼ်းမိူဝ်ႈလႆႈၵေႈလႆႈ

SKH (17/08/07)




S.H.A.N. P.O.Box 15, Nong Hoi P.O., Chiangmai 50007, Thailand
ตู้ ปณ. 15 ปณฝ. หนองหอย อ. เมือง จ. เชียงใหม่ 50007
e-mail: shan@cm.ksc.co.th www.shanland.org, www.mongloi.org